# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကား

(မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့)
(၂၀၂၂ ခုနှစ် ၊ ဧပြီလ ၁၇ ရက်)

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှုအခက်အခဲတွေ၊ ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုမှာ ရိုးသားတဲ့ ဒီမိုကရေစီအစားရည်ရွယ်ချက်ရှိရှိ ဖောက်ဖျက်ကျူးလွန်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းများကို ကျော်ဖြတ်ခဲ့ရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို မိဘပြည်သူတွေနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ကျော်လွှားနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ကြောင်း မနှစ်က နှစ်သစ်ကူး ဆုတောင်းစကားမှာ ထည့်ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့ နိုင်ငံအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု အဆိုးရွားဆုံးဖြစ်ပွားခဲ့ရပြီး အခက်အခဲပေါင်းများစွာအတွင်းကနေ ကျော်လွှားနိုင်ခဲ့ပါပြီ။ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပွားမှုနှုန်း မြင့်မားနေဆဲဖြစ်ပြီး ကမ္ဘာမှာ လုံးဝကင်းစင်ပြီလို့ မပြောနိုင်သေးတဲ့အတွက် ကျွန်တော်တို့တစ်တွေ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများ အပြည့်အဝလိုက်နာမှု လိုအပ်ပါကြောင်း ပြောလိုပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ❍



## မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၇

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်ကုန်ဆုံး၍ ၁၃၈၄ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလအတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏ အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် အစပြုလေ့ရှိကြသည်။

ထို့ကြောင့် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီလ ဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေ သန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုလုပ်ကြ သည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌လည်း မြန်မာနှစ်သစ်ကူးနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော်၊ သံဃာတော်များ

စာမျက်နှာ ၃ ကော်လံ ၄ ❄

**ယနေ့ ဖတ်စရာ**

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ပြည်တွင်းသတင်း စာ - ၈

...................

ကိုဗစ် - ၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှု ရပ်နားခဲ့ရသော ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသ

ပြည်တွင်းသတင်း စာ - ၇

မြန်မာ့အလင်း

## လူတိုင်းဖြည့်ကျင့်ကြရမည့်အရာ

နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းပတ္ထနာသံတို့ စည်ဝေကာ ကြားနာရသူအပေါင်းတို့ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြည်နူးကြရသည်။ မင်္ဂလာဟူသည် တိုးတက်ကြီးပွားကြောင်းတရားဖြစ်ပြီး ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေနှင့်ပြည့်စုံခြင်းလည်းဖြစ်ရာ လူတိုင်းက အလိုရှိအပ်၊ တောင့်တအပ်သော တရားလည်းဖြစ်သည်။ လူသားတို့ ကိုးကွယ်ကြသည့် ဘာသာတရားတို့က ကိုးကွယ်သည့် လူသားတို့ကို ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ ယဉ်ကျေးသိမ်မွေ့ရန်၊ စိတ်နှလုံးဖြူစင်ရန် သင်ကြားညွှန်ပြ ဆုံးမပဲ့ပြင်ပေးခြင်းအားဖြင့် လူတိုင်းအပေါ် မင်္ဂလာအပေါင်း ခညောင်းပြည့်စုံစေသည်။

ဓမ္မပဒပါဠိတော်ဗုဒ္ဓဝဂ္ဂတွင် "သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။ သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။"- မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။ ဟူ၍ပါရှိရာ ဤသည်ပင် ဗုဒ္ဓဘာသာ၏ အနှစ်ချုပ်၊ ဗုဒ္ဓတရားတော်တို့၏ အနှစ်ချုပ်ဖြစ်သည်ဟူ၍ ဆရာတော် သံဃာတော်များက မိန့်ကြားတော်မူကြသည်။ မကောင်းမှုဟူသမျှကို မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်းသည် လည်းကောင်း၊ ကောင်းမှုမှန်သမျှကို ပြည့်စုံအောင် ဖြည့်ကျင့်ခြင်းသည် လည်းကောင်း မိမိကိုယ်တိုင်နှင့်တကွ မိမိရှင်သန်နေထိုင်ရာ လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးအပေါ်တွင်ပါ ကောင်းကျိုးမင်္ဂလာတို့ကို ဖြစ်ပေါ်စေမည် ဧကန်ပင်ဖြစ်သည်။ ဘာသာတရား၏ လမ်းညွှန်ချက်နှင့်အညီ မိမိ၏ စိတ်နှလုံးကို ဖြူစင်အောင်တည်ဆောက်နိုင်ခြင်းအားဖြင့် လက်ငင်းရရှိနိုင်သော အကျိုးကျေးဇူးမှာ ငြိမ်းအေးချမ်းသာမှုပင်ဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦးအပေါ် အပြန်အလှန်အကျိုးမဲ့ မပြုရေး၊ လိုအပ်သူတို့အပေါ် ကူညီရေး၊ တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြုလေးစားရေး၊ ရန်တုံ့မမူရေးတို့အတွက် ဘာသာတရားတိုင်းက သင်ကြားပြသလာခဲ့သည်မှာ နှစ်ပေါင်းထောင်နှင့်ချီ၍ပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော လူ့ဘောင်လောကကို တည်ငြိမ်အေးချမ်းခိုင်မြဲစေသည့် တရားများ ထွန်းကားရေးအတွက် သည်းခံခွင့်လွှတ်ရန်၊ သနားကြင်နာရန်၊ ရန်ငြိုးမဖွဲ့ရန်၊ အကြမ်းမဖက်ရန် လူသားမျိုးဆက်တို့ တစ်ဆက်ပြီးတစ်ဆက် သွန်သင်လာခဲ့သည့်တိုင် ပဋိပက္ခမီးတောက်များက မငြိမ်းနိုင်သေး။ လူ့ဘောင်လောကကြီး၏ ကောင်းမှု မကောင်းမှုတို့ကို ခြယ်လှယ်နေသည်မှာ စိတ်ကသာ အဓိကဖြစ်သည်ဟူ၍ ဗုဒ္ဓက ဟောကြားတော်မူသည်။ လူသားတို့၏ စိတ်သန္တာန်ကို မနာလို၊ ရန်လို၊ မုန်းတီး၊ အမျက်ထွက်၊ တပ်မက်၊ တွေဝေ၊ မိုက်မဲ စသည့်မကောင်းသော၊ ယုတ်သော၊ ညံ့သော စေတသိက်များက ဖုံးလွှမ်းလိုက်သောအခါ မကောင်းသည့် စိတ်ယုတ်မာများနှင့် စိတ်က ဖန်တီးထုတ်လုပ်လိုက်သော ရုပ်အမူအရာများ။ သူတစ်ပါးအကျိုးကိုလိုလားခြင်း၊ သနားကြင်နာခြင်း၊ သူတစ်ပါးကောင်းကျိုးဖြစ်ထွန်းမှုအပေါ် ဝမ်းမြောက်ဝမ်းသာခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ကောင်းကျိုးဆိုးပြစ်တို့ကို ဆင်ခြင်နိုင်ခြင်းကဲ့သို့သော ကောင်းမွန်သည့်၊ ယဉ်ကျေးသည့်၊ တင့်တယ်သည့် စေတသိက်များက စိတ်ကို ဖုံးလွှမ်းထားသည့်အခါ ကောင်းမွန်မြင့်မြတ်သည့်စိတ်ဖြစ်ပေါ်ပြီး ၎င်းစိတ်က ဖန်တီးထုတ်လုပ်လိုက်သည့် ရုပ်အမူအရာများ စသည်တို့က လူသားတို့၏ကမ္ဘာကို ပုံဖော်ဖန်တီးနေခြင်းဖြစ်သည်။

လူသားတို့၏ ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထုတို့အပေါ်တွင် လူတို့၏ ပယောဂကြောင့် ညစ်ညမ်းမှု (Pollution) များ ဖြစ်ပေါ်နေသည်ကို မျက်မြင်အနေဖြင့် သိရှိနိုင်ကြသည်။ သို့ရာတွင် စိတ်၏ ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ အကြမ်းဖက်မှုများမှာမူ ဖြစ်ပေါ်လာရခြင်း၏ မူလအရင်းအမြစ်ကို ဉာဏ်ပညာမျက်စိဖြင့် ကြည့်မှသာလျှင် မြင်နိုင်မည်ဖြစ်သည့်အလျောက် မြင်အောင်ကြည့်ကာ ပယ်ရှားနိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (၁) နှင့်(၂) ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး ဇီဝိတဒါန ငါးဘေးမဲ့လွှတ်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ဇီဝိတဒါန ငါးဘေးမဲ့လွှတ်ပေးစဉ်။

**နေပြည်တော် မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့ မြန်မာနှစ်သစ်ကူး အခါသမယနေ့၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၁)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)ရှိ ဝန်ထမ်းများ၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်တော်တွင် ကျင်းပသည်။

ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ပြီး ငါးကောင်ရေ ၁၉၀၀ ကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာန နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်းနှင့် ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲများ ကျင်းပ

**နေပြည်တော် မေ ၁၇**

ဥပဒေရေးရာ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက် ရှိကြသော အရာထမ်း၊ အမှုထမ်း မိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရုံးရှေ့ပရဝဏ်မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဇေတဝန ပါလ ကျောင်းတိုက်ဆရာတော် ဦးပညာဝံသထံမှ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပင့်သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ဆက်လက်ချီးမြှင့်ပြီး ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။



ဆက်လက်၍ ပင့်သံဃာတော် အရှင်သူမြတ်တို့အား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် အမှူးပြုသော ဒေ့ပရိသတ်အပေါင်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဇီဝိတဒါန အဖြစ် ရုံးအဝင်လမ်းရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးသားပေါက်များကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကား

**နေပြည်တော် မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့၌ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိရာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ စွယ်တော်ဘုရားတို့အပါအဝင် တန်ခိုးကြီးဘုရားစေတီများ၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၊ ပြင်ဦးလွင်မြို့ရှိမဟာအံ့ထူးကံ့သာဆုတောင်းပြည့်ဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေနှင့် ငပလီကမ်းခြေတို့အပါအဝင် အပန်းဖြေနေရာများ၌လည်း လာရောက်အပန်းဖြေ အနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❍ ရှေ့ဖုံးမှ

ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရဲ့ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့ အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန် ကြိုးစားနေပါတယ်။

ကျွန်တော့်ရဲ့ အမျိုးသားရေး ရည်မှန်းချက် ၂ ခုရှိပါတယ်။

၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး

၂။ တိုင်းပြည် စားရေရိက္ခာပေါများရေး တို့ဖြစ်ပါတယ်။

ပြည်ထောင်စုကြီး တစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်း လူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။

မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင် မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်သူလူထုရဲ့ စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။

ယခုလို ၁၃၈၄ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေက အားနည်းချက်တွေကို ပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ဒီနှစ်သစ်မှာ ကျွန်တော်တို့နဲ့အတူ ပြည်ထောင်စုအကျိုးကို လက်တွဲ ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

အားလုံး ကျန်းမာရွှင်လန်းကြပါစေ ခင်ဗျာ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့်၏ နှစ်သစ်ကူးဆုတောင်း



မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်ဟာ မြန်မာအချုပ်အခြာအာဏာနဲ့ နိုင်ငံအလုံးစုံ ပျက်သုဉ်းစေလိုတဲ့ ရန်သူပေါင်းစုံကို ရင်ဆိုင်ပြီး ကြီးမားတဲ့အခက်အခဲနဲ့ အကျပ်အတည်းတွေကို ကျော်ဖြတ်ခဲ့ရတဲ့ နှစ်ဖြစ်ပါတယ်။

အမေရိကန်နဲ့ အနောက်အုပ်စုရဲ့စွက်ဖက်မှု၊ ကျူးကျော်မှုနဲ့ ဖောက်ပြန်တဲ့ အယူအဆရိုက်သွင်းမှုကို နိုင်ငံတော်သစ္စာဖောက်အုပ်စုက အသုံးချခံခဲ့တယ်။ သူတို့ဟာ အကြမ်းဖက်သမားတွေ၊ ဓမ္မအန္တရာယ်တွေနဲ့ နိုင်ငံခြားသူလျှိုတွေ အဖြစ် ရပ်တည်နေတယ်ဆိုတာ မျက်နှာဖုံးချွတ်ပြနေပါပြီ။

ဘာပဲဖြစ်ဖြစ် ဘယ်သူတွေဟာ နိုင်ငံတော်သစ္စာဖောက်တွေ၊ ဘယ်သူတွေဟာ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာ ယနေ့တိုက်ပွဲက ပြတ်သားစွာ ခွဲခြားပေးလိုက်ပါပြီ။ ဒါကြောင့် သူတို့ရဲ့ ပြည်တွင်းသစ္စာဖောက်လုပ်ကြံမှုတွေနဲ့ ငွေကြေး၊ လက်နက် စတဲ့ အားပေးအထောက်အကူပြုမှုတွေကို ရိုက်ချိုးပစ်ရပါမယ်။

သူတို့ မုချရှုံးနိမ့်ပြီး မြန်မာတွေ မုချအောင်ပွဲခံမယ်။ ဘာကြောင့်လဲဆိုရင် ယနေ့ အမျိုးသားအင်အားစုတွေဟာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းဆောင်မှုအောက်မှာ ခိုင်မာစွာရပ်တည်နေကြပါပြီ။ ယခုလာမယ့် နှစ်သစ်ကူး မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ဟာ နိုင်ငံတော်သစ္စာဖောက်တွေကြောင့် ပေါ်ပေါက်လာခဲ့တဲ့ အညစ်အကြေးတွေကို စွန့်ပစ်နိုင်ကြပါမယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာ့တပ်မတော်နဲ့ မြန်မာ့အချုပ်အခြာအာဏာကို တန်ဖိုးထားတဲ့မြန်မာတွေ မှန်ကန်ကြောင်းကို သမိုင်းက သက်သေခံပါမယ်လို့ ပြောကြားရင်း နှစ်သစ်အတွက် ကျွန်တော် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ၏ နှစ်သစ်ကူးဆုတောင်း



မိဘပြည်သူ အပေါင်းတို့ ခင်ဗျား

အခုအချိန်ဟာ မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအချိန်အခါ ဖြစ်ပါတယ်။ ဒီနှစ်သစ်မင်္ဂလာ အချိန်အခါမှာ မြန်မာပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။

အခုအခါ ကျွန်တော်တို့မြန်မာပြည်သူတွေဟာ နိုင်ငံရေးဝိမုတ္တိခေတ်လို့ ပြောရမယ့် နိုင်ငံရေးခေတ်ဆိုးကြီးကို ဖြတ်သန်းနေရဆဲပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနိုင်ငံရေး ခေတ်ဆိုးကြီးကို အပြီးတိုင် ဖြတ်ကျော်နိုင်ဖို့ အချိန်တန်ပါပြီလို့ ကျွန်တော် ပြောကြားလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ကြီး ပြိုကွဲမယ့်လုပ်ရပ်တွေ၊ နိုင်ငံတော်ကြီး မငြိမ်မသက်ဖြစ်အောင် ကြံဆောင်တဲ့လုပ်ရပ်တွေ၊ နိုင်ငံအာဏာကို မတရားရယူဖို့ ပြုမူတဲ့လုပ်ရပ်တွေကို ဆန့်ကျင်ဖယ်ရှားရပါမယ်။ ဒါတွေကို ပြည်သူ့အားနဲ့ ကျော်လွှားမှသာ ရရှိနိုင်မယ်ဆိုတာ ဘယ်လိုမှ ငြင်းကွယ်လို့မရပါဘူး။

မိဘပြည်သူများခင်ဗျား

ဒါကြောင့် ပြည်သူအချင်းချင်းအကြားမှာ သော်လည်းကောင်း၊ တိုင်းရင်းသားတွေအကြားမှာ သော်လည်းကောင်း အမျိုးသားညီညွတ်ရေးကို ထူထောင်ဖို့ အထူးပဲလိုအပ်နေတဲ့ အချိန်အခါကြီး ဖြစ်တယ်လို့ ကျွန်တော်ပြောကြားချင်ပါတယ်။

မြန်မာနိုင်ငံတော်ကြီး ပြိုကွဲအောင်၊ သွေးကွဲအောင်၊ သပ်လျှိုနေတဲ့ ပြည်ပ ပယောဂတွေကို ဖယ်ရှားနိုင်ဖို့ တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်တွေ မွေးမြူကြဖို့ အလေးအနက် ကျွန်တော်တိုက်တွန်းပြောကြားချင်ပါတယ်။

မိဘပြည်သူများခင်ဗျား

ရှေ့အဖို့မှာဘာသာ၊သာသနာကိုစော်ကားမယ့် အန္တရာယ်တွေ၊ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်တွေကို ထိပါးမယ့်အန္တရာယ်တွေ၊ နိုင်ငံကို တစ်စစီ ကြေမွအောင် ဖျက်ဆီးမယ့် အန္တရာယ်တွေကိုတော့ အမြစ်ကမကျန် စုပေါင်းတွန်းလှန်ကြပါမှ မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့နိုင်ပါလိမ့်မယ်။ ဒါကြောင့် ပြည်သူများရဲ့အားကို အများကြီး လိုတယ်လို့ ကျွန်တော်တို့ ပြောလိုတာ ဖြစ်ပါတယ်။

တကယ်တော့ မြန်မာပြည်သူတွေဟာ အလွန်အင်မတန်မှ ငြိမ်းချမ်းစွာနေလိုကြပါတယ်။ မှန်ကန်တဲ့ နိုင်ငံရေး ထွက်ပေါက်ဖြစ်တဲ့ ရွေးကောက်ပွဲကို ဖြတ်သန်းပြီးတော့ ပြည်သူများလိုလားနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုသစ်ကြီးကို ငြိမ်းချမ်းရေးနဲ့အတူ တည်ဆောက်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဆုတောင်းလိုက်ပါတယ်။ ပြည်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။

## ကျောင်းကုန်းမြို့၌ အတာသင်္ကြန် ပိတ်ပွဲကျင်းပ

**ကျောင်းကုန်း မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပိတ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၅နာရီခွဲကအမှတ် (၂) ရပ်ကွက် ကမ်းနားလမ်းနှင့် ဆေးရုံလမ်းထောင့် ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ပါဝင်ဆင်နွှဲကြသူအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး မြို့ပေါ်ရပ်ကွက် ငါးခုမှ ယိမ်းအဖွဲ့များ၊ သီဆို ကပြကြသူများနှင့် ဗီဒီယိုအခြေခံအဖွဲ့တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



❊ ရှေ့ဖုံးမှ

ရွတ်ဖတ် သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါန ပြုကြသူများဖြင့် စည်ကားသည်။

နေပြည်တော် ကောင်စီနယ်မြေရှိ ထင်ရှားသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယခေတ်ပေါင်းစု စေတီတော်၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ ရန်အောင်မြင် ရွှေလက်လှဘုရား၊ သတ္တသတ္တာဟ သံဝေဇနိယလေးဌာန၊ ဖောင်တော်ချက်မစေတီ စသည့် ဘုရားစေတီများတွင် ဥပုသ်သီလခံယူ ဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြခြင်းဖြင့်လည်း ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

အလားတူ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင်များ ကလည်း သက်ကြီး ဘိုးဘွားများကို တစ်ကိုယ်ရေ သန့်ရှင်းမှုပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြုအလှူပစ္စည်းများ ထောက်ပံ့ခြင်း စသည့် ကုသိုလ်ဒါနများကိုလည်း ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြပြီး ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အမျှပေးဝေကြရာ နေပြည်တော်ကောင်စီနယ်မြေ တစ်ခွင်၌ တရား၊ ဓမ္မသံများဖြင့် ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

**သတင်း – မျိုးဆက်သစ်**
**ဓာတ်ပုံ – ကိုကိုကျော်**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ ၁၃၈၃-၈၄ နှစ်သစ်ကူး မင်္ဂလာစာတမ်း



နှစ်သစ်ကူးမင်္ဂလာအပြောင်းအကူးကာလ၌ မကောင်းမှုအကုသိုလ်ကံများ ကြားဝင်၍ ဒုက္ခဝေဒနာ အကူးအပြောင်းဖြစ်တတ်သည်၊ ထိုအခါမျိုး၌ ဘုရားဂုဏ်တော် ပုတီးစိပ်ခြင်း၊ ဘုရားဂုဏ်တော်များကို ဗုဒ္ဓါနုဿတိဂုဏ်တော်ပွား၍ မေတ္တာပို့ အမျှဝေကုသိုလ်များ ပြုလုပ်၍ သတ္တဝါအားလုံးတို့အား ကုသိုလ် အဖို့ကို အမျှဝေပြီး မေတ္တာပွားကြပါစေကုန်သတည်း။

ဘုရားဂုဏ်တော်တို့ကို ပုတီးစိပ်လျှင် ဘုရားဂုဏ်တော်၏ တန်ခိုးကြောင့် ကိုဗစ်-၁၉ စသည့် ရောဂါ ဝေဒနာများ မကပ်ရောက်ဘဲ ပျောက်ကင်းသွားကြပါလိမ့်မည်၊ ရောဂါဝေဒနာများ ကင်းရှင်း၍ ကျန်းမာ ချမ်းသာဝမ်းသာကြပါစေကုန်သတည်း။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
ဗန်းမော်ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့

## "အကျိုးရှိအောင် ဆောင်ရွက်ပါ"



၁၃၈၃-ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၄- နှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည့် အချိန်အခါမှစ၍ မြန်မာနိုင်ငံတော်သူ / နိုင်ငံတော်သားအားလုံး မင်္ဂလာရှိစွာဖြင့် မိမိတို့နေ့စဉ် ပြုလုပ်နေကြသည့် ကိုယ်ဖြင့် ပြုအပ်သော ကာယကံမှု-ကာယကံအလုပ်၊ နှုတ်ဖြင့် ပြောဆိုအပ်သော ဝစီကံမှု-ဝစီကံအလုပ်၊ စိတ်ဖြင့် ကြံစည်အပ်သော မနောကံမှု-မနောကံအလုပ်တို့ကို ပြုလုပ်ကြရာ၌ မိမိ+သူတစ်ပါးအကျိုးရှိအောင် ပြုလုပ်ဆောင်ရွက်နိုင်ရန် လိုအပ်သဖြင့် ဘုရားရှင်က သားတော်ရာဟုလာအား "မှန်ကိုကြည့်ရှုရန် အသုံးပြုသကဲ့သို့ ကြည့်ရှုဆင်ခြင်၍ ကာယကံအမှု-ကာယကံအလုပ်ကို၊ ဝစီကံအမှု-ဝစီကံအလုပ်ကို၊ မနောကံအမှု-မနောကံအလုပ်ကို ပြုလုပ်ရမည်"ဟု မိန့်ကြားတော်မူအပ်သော ဩဝါဒဒေသနာတော်ကို ရှိသေလေးစား မှတ်သားလိုက်နာကြသောအားဖြင့် နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မိမိတို့ နေ့စဉ်ပြုလုပ်ဆောင်ရွက်နေကြရသည့် ကာယကံအလုပ်၊ ဝစီကံအလုပ်၊ မနောကံအလုပ်တို့ကို အပြစ်ဒေါသကင်း၍ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံအကျိုး၊ သာသနာတော်အကျိုးစသော ကောင်းသော အကျိုးကျေးဇူးတရားများ ဖြစ်ကြစေရန် သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် ဆင်ခြင်ပြီး ပြုလုပ်နိုင်ကြလျက် ဘေးကင်းရန်ကွာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒအဝဝတို့ ပြည့်ကြပါစေကြောင်း နှစ်သစ်မင်္ဂလာ ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင်ဆရာတော်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၇

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူးမင်္ဂလာစကား



အားလုံးပဲမင်္ဂလာပါ

မြန်မာ့ နှစ်သစ်ကူးကာလ....သင်္ကြန်မင်္ဂလာပွဲမှာ မင်္ဂလာရှိပါစေ။ မင်္ဂလာရှိကြပါစေ။ မင်္ဂလာဆိုတာ ကောင်းကျိုး ချမ်းသာတွေ ရရှိတာ ပြည့်စုံတာကို မင်္ဂလာ၊ ဆိုးကျိုးဒုက္ခတွေ ကင်းဝေးတာကို မင်္ဂလာလို့ ဆိုပါတယ်။ ကောင်းကျိုး ချမ်းသာတွေ ပြည့်စုံရရှိဖို့က ကောင်းတာတွေလုပ်မှ၊ ပြောမှ၊ ကြံမှ ရရှိပါမယ်။ ဆိုးကျိုးဒုက္ခတွေ ကင်းဝေးဖို့ကလည်း မကောင်းတာတွေ မလုပ်မိ၊ မပြောမိ၊ မကြံမိဖို့က အရေးကြီးပါတယ်။ နှစ်သစ်ကူးပြီဆိုတာက အချိန်ကာလတွေကူး ပြောင်းတာ၊ အချိန်ကာလ ကူးပြောင်းတာနဲ့ပတ်သက်ပြီးတော့ အချိန်ကာလဆိုတာ စားချင်တဲ့စိတ်နဲ့ စားနေတဲ့အခါ စားတဲ့အချိန်၊ သွားချင်တဲ့စိတ်နဲ့ သွားတဲ့အခါ သွားတဲ့အချိန်တို့ အချိန်ကာလဆိုတာ ကိုယ်ပြုနေတဲ့အလုပ် အမှုအရာ ကိုယ့်ရဲ့စိတ်ဓာတ်တွေအပေါ်မှာ မူတည်တာပါ။ အချိန်တိုင်း အချိန်တိုင်း မင်္ဂလာရှိဖို့ဆိုရင် ကိုယ့်စိတ်ဓာတ်ကို မင်္ဂလာရှိစေရမှာပါ၊ ကိုယ့်စိတ်ဓာတ် မင်္ဂလာရှိဖို့ဆိုတာ အနည်းဆုံးအားဖြင့် မေတ္တာတရားရှိရပါမယ်။ အထွတ်အထိပ်နဲ့ပြောရင် အသိဉာဏ်ပညာတရားရှိရပါမယ်။ သတ္တဝါအားလုံးအပေါ် မေတ္တာထားနိုင်ဖို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေ ပွားနိုင်ဖို့၊ ကြုံလာသမျှတွေအပေါ်မှာ အသိဉာဏ်ပညာနဲ့ ဆုံးဖြတ်နိုင်ဖို့ ဒီမေတ္တာ၊ ပညာတွေရှိနေတဲ့ စိတ်ဓာတ် မင်္ဂလာရှိပါတယ်၊ အဲဒီ...မေတ္တာ၊ ပညာ ဦးဆောင်တဲ့ စိတ်ဓာတ်ကောင်းတွေရှိတဲ့ ပုဂ္ဂိုလ် မင်္ဂလာရှိပါတယ်။ အဲဒီပုဂ္ဂိုလ် ဆောင်ရွက်သမျှ အလုပ်တွေဟာလည်း မင်္ဂလာ ရှိပါတယ်။ ကောင်းကျိုးချမ်းသာတွေ ရပြီပေါ့၊ ကောင်းတာလုပ်ရင် ကောင်းကျိုးချမ်းသာ မင်္ဂလာတွေရပါတယ်။ မကောင်းတာတွေ ရှောင်ရင်မကောင်းကျိုးဆင်းရဲဒုက္ခတွေကဝေးပါတယ်။ လူတိုင်း လူတိုင်းဟာ ကိုယ်လုပ်တာကောင်းတယ်လို့ ဒီလိုပဲ မြင်ကြပါတယ်။ ထင်ကြပါတယ်။ အဲဒီတော့ ကိုယ်လုပ်တာကောင်းလို့ ကိုယ်လုပ်ခဲ့တယ်၊ အကျိုးပေးကရော ကောင်းတာတွေ ရရဲ့လား။ ဆိုးကျိုးတွေ ရနေတယ်ဆိုရင်တော့ ပြန်လည်သုံးသပ်ဆန်းစစ်ဖို့လိုပါတယ်။ ပြောင်းလဲတယ် ပြောင်းလဲတယ်ဆိုတာက အမှုအရာတွေ ပြောင်းလဲတာလည်း ပြောင်းလဲတာ၊ အချိန်ကာလတွေ ပြောင်းလဲတာလည်း ပြောင်းလဲတာ၊ သင်္ကန္တ ပြောင်းလဲတယ်ဆိုတာ နိစ္စဓူဝမိမိတို့ အသိဉာဏ်တရားတွေ မရှိရာကနေရှိဖို့၊ မေတ္တာတရားတွေ နည်းရာကနေ များလာဖို့ အဲဒီလိုပြောင်းလဲတာမျိုးလည်း သင်္ကန္တပါပဲ။ မြန်မာလိုခင်းတော့ သင်္ကြန်ပါပဲ။ ဒီလိုပြောင်းလဲမှု အကောင်းဘက်ကို ဦးတည်တဲ့ ပြောင်းလဲမှုမျိုး ဖြစ်စေချင်ပါတယ်၊ ကိုယ်ကိုယ်တိုင်

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

ကောင်းတယ်ထင်ပြီးလုပ်ခဲ့၊ ပြောခဲ့၊ ကြံစည်ခဲ့တာတွေ မနက်၊ နေ့၊ ည ဖြစ်နိုင်ရင် ညစဉ်ညတိုင်း ပြန်ပြီးတော့ မှားလား၊ မှန်လား၊ ကောင်းလား၊ ဆိုးလား ဆိုတာကို ပြန်ဆန်းစစ်စေချင်ပါတယ်။ ဒီလိုပြန်လည် သုံးသပ်ပြီးတော့ ပြန်လည်စိစစ်မှလည်းပဲ ကောင်း၏ ဆိုး၏ ခွဲခြားသိမှာပါ။ ကောင်း၏ ဆိုး၏ ခွဲခြားသိမှလည်းပဲ ဆိုးတာကို ရှောင်၊ ကောင်းတာကိုဆောင် ပြုလုပ်မှ ကောင်းကျိုးချမ်းသာ မင်္ဂလာဆိုတာဖြစ်တာပါ။ သုံးသပ်ဆင်ခြင်တဲ့အခါမှာ မိမိတို့ ကိုယ်လုပ်နေတဲ့ အလုပ်ကို ကိုယ်ပြန်ကြည့်တဲ့အခါ ဘေးကနေထွက်ပြီး ကြည့်စေချင်ပါတယ်။ တခြားလူတစ်ယောက် တခြားလူဘက်က အမြင်မျိုးနဲ့ ပြန်လည်သုံးသပ်စေချင်ပါတယ်။ သူများတွေ လုပ်နေတာကို ကိုယ်က ဘေးကနေ သုံးသပ်တော့ ကိုယ်မှန်တယ် ထင်တတ်တယ်၊ ကိုယ်လုပ်နေတာကြတော့ ကိုယ်ကိုယ်တိုင် ပြန်ပြီး ဘေးကမသုံးသပ်ဖြစ်ကြဘူး။ ပြန်လည်သုံးသပ်ပေးပါ။ အဲဒီကျတော့ အမြင်နှစ်မျိုး ထွက်လာတယ်။ နောက်တစ်နေရာ တစ်ဦးနေရာက ဝင်ပြီးတော့ ပြန်လည်သုံးသပ်ရင် အမြင်သုံးမျိုး ဖြစ်လာတယ်။ အဲဒီကျတော့မှ ကောင်းတယ် မကောင်းဘူးဆိုတာ ပိုပြီးတော့ ပိုင်းပိုင်းခြားခြား နားလည်လာတယ်။ လုပ်ရတဲ့ အလုပ်ကိုလည်း နည်းသုံးမျိုးမက ပိုပြီးတော့သိမြင်လာတယ်။ အဲဒီလိုမျိုး ပြန်လည်သုံးသပ်လို့ရှိရင် မကောင်းတာကနေ ကောင်းတဲ့လမ်းကြောင်းအပေါ် ရောက်သွားတယ်။ ကောင်းနေရာကနေ ပိုကောင်းတဲ့ လမ်းကြောင်းအပေါ် ပိုရောက်သွားတယ်လို့ ...အဲဒီ... သက်န္တအပြောင်းအလဲမျိုးကြတော့ ပိုပြီးတော့ ကောင်းမြတ်တဲ့ အပြောင်းအလဲမျိုးပါ။ နှစ်ဟောင်း ကုန်ဆုံးပြီးတော့ နှစ်သစ်ကူးပြောင်းတယ်ဆိုတဲ့ အချိန်ကာလကြီးမှာ မင်္ဂလာရှိဖို့ရာအတွက် ကိုယ့်အမြင်နဲ့ နောက်တစ်ဦးအမြင်၊ နောက်တစ်ဦး အမြင်ဆိုသလို အသိဉာဏ်ပညာနဲ့ ပြန်မြင်ကြစေချင်ပါတယ်။ ကိုယ်ချင်းစာတတ်တဲ့ မေတ္တာတရား အခြေခံတဲ့ သူတော်ကောင်း စိတ်ဓာတ်တွေနဲ့ မြင်ကြစေချင်ပါတယ်။ အဲဒီလိုမြင်ကြည့်မှလည်းပဲ ကိုယ်ဆက်လျှောက်ရမယ့် လမ်းကြောင်း ကိုယ်ကိုယ်တိုင်သိပါတယ်။ အဲဒီလိုသာ မိမိ သူတစ်ပါးအားလုံးပုဂ္ဂိုလ်တွေက ကောင်း၏ ဆိုး၏ ခွဲခြားသိနိုင်တဲ့ ပြန်လည်သုံးသပ်တဲ့ ဆင်ခြင်တဲ့ အသိဉာဏ်တွေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ လမ်းမှား လမ်းမှန် ခွဲခြားသိပြီးတော့ လမ်းမှန်ကို လျှောက်မယ်၊ ကောင်းတာတွေကိုပဲ လုပ်မယ်ဆိုရင် မင်္ဂလာပါလို့... မင်္ဂလာရှိပါစေလို့ ပြောခဲ့တဲ့စကားတွေ အဓိပ္ပာယ်ရှိပြီးတော့ နှစ်သစ်ကူး မင်္ဂလာ အခါသမယမှာ အလွန့်အလွန်မင်္ဂလာရှိအောင် ဆောင်ရွက်တဲ့နည်းလမ်းတွေ ရရှိပြီးတော့ တစ်နှစ်ပတ်လုံး၊ တစ်သက်လုံး၊ တစ်သံသရာလုံးကို မင်္ဂလာရှိအောင် ကောင်းကျိုးချမ်းသာတွေ ရရှိပြီးတော့ ဆင်းရဲဒုက္ခတွေ ကင်းဝေးအောင် နေနိုင်ကြပါစေ။ မိမိလည်း နေနိုင်၊ အများ လည်းနေနိုင်အောင် ဆောင်ရွက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း....

**သာဓု...သာဓု...သာဓု**

# ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ နှစ်သစ်ကူးမင်္ဂလာဆုတောင်းစကားများ



ဦးစိန်သန်း (ဗုဒ္ဓဘာသာ)
(ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့) (ဗဟို)



ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)
(ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့) (ဗဟို)



ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)
(ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့) (ဗဟို)



ဒေါ်ခင်ခင်မေ (ခရစ်ယာန်ဘာသာ)
(တွဲဖက်အတွင်းရေးမှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)

**ဦးစိန်သန်း (ဗုဒ္ဓဘာသာ) (ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၄ ခုနှစ်ကို ရောက်ရှိလာတဲ့ မြန်မာနှစ်ဆန်း (၁) ရက် နှစ်သစ်ကူးအခါသမယနေ့ ဖြစ်ပါတယ်...

ယနေ့ နှစ်ဆန်း (၁) ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းကြီးက မြန်မာပြည်တွင်း နေထိုင်ကြသူများ အားလုံးနဲ့ ကမ္ဘာသူ/ကမ္ဘာသားများအားလုံး ကျန်းမာရွှင်လန်းပြီး အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးကလည်း ရှေ့လုပ်ငန်းစဉ် (၃) ရပ်ကို ချမှတ်ထားပါတယ်။ အဲဒီလုပ်ငန်းစဉ်များကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနဲ့ နတ်ကိုးကွယ်မှုဆိုပြီး ဘာသာအယူအဆတွေ မတူကွဲပြားသော်လည်း ကိုးကွယ်ယုံကြည်သူ ပြည်သူများဟာ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးနဲ့ အယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရရှိနိုင်စေဖို့၊ မတူညီသော ဘာသာရေးနဲ့ အယူဝါဒကိုးကွယ်သူများအကြား ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်နဲ့အတူ တန်းတူညီစွာ ဆက်ဆံကြဖို့နဲ့ ကြီးနိုင်ငယ်ညှဉ်းနှိပ်စက်ခြင်းကင်းပြီး မိမိတို့ ကိုးကွယ်တဲ့ ဘာသာရေးနဲ့ အယူဝါဒတို့ရဲ့ အဆုံးအမကို ခံယူပြီး အေးငြိမ်းချမ်းသာသော လူ့ဘောင်အသိုင်းအဝိုင်းကို ထူထောင်တည်ဆောက်နိုင်ဖို့၊ ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ယုံကြည်မှု မတူညီကြသော်လည်း အမိမြန်မာနိုင်ငံတော်အတွင်း အတူတကွမှီတင်းနေထိုင်ကြသူများဖြစ်တဲ့အတွက် မေတ္တာတရားရှေ့ထားကာ အဖွဲ့အစည်းအချင်းချင်း၊ လူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အမိနိုင်ငံတော်အကျိုး၊ အမိနိုင်ငံတော်၏ အရေးကို ချစ်ကြည်ရင်းနှီးစွာဖြင့် ရှေးရှုပူးပေါင်းဆောင်ရွက်သွားဖို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ရဲ့ ၂၀၂၂ခုနှစ် ဧပြီ ၃ ရက်မှာ ကျင်းပပြုလုပ်တဲ့ (၄/၂၀၂၁၊ ၂၀၂၂) အလုပ်အမှုဆောင် အစည်းအဝေးက ရှေ့လုပ်ငန်းစဉ် တစ်ရပ်အဖြစ် အတည်ပြုဆုံးဖြတ်ထားပါတယ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းကြီးအနေနဲ့ မြန်မာပြည်ကြီးအတွင်း နေထိုင်ကြသူများအားလုံး အေးချမ်းသာယာပါစေကြောင်း ထပ်ဆင့်ဆုတောင်း မေတ္တာပို့သအပ်ပါတယ် ခင်ဗျာ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ) (ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ဒီနှစ်သစ်မှာ အားလုံးစိတ်သစ်လူသစ်နဲ့ အားလုံးအေးချမ်းပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အဆင်ပြေကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တစ်ခုကတော့ နှစ်ဟောင်းမှာ စိတ်မချမ်းသာစရာတွေ ကြားသိရတယ်။ ကျွန်တော်တို့ ဟိန္ဒူဗုဒ္ဓဘာသာအနေနဲ့ တစ်ခုလောက်တော့ မိဘပြည်သူများကို မေတ္တာရပ်ခံပြီး တင်ပြစရာရှိပါတယ်။ ဒါကတော့ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံး ဒုက္ခရောက်ခဲ့ကြပြီး လူ့အသက်ပေါင်း များစွာဆုံးရှုံးခဲ့ကြရတယ်။ အဲဒီအတွက်ကြောင့် တစ်ကမ္ဘာလုံးကလည်း စိတ်မကောင်းဖြစ်ကြရတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေကလည်း စိတ်မကောင်းဖြစ်ကြရပါတယ်။ ဒါတွေက ဘာနဲ့သက်ဆိုင်သလဲလို့ ခံယူထားလဲဆိုရင် မေတ္တာတရား... မေတ္တာတရားထားဖို့လိုပါတယ်။ မေတ္တာတရားတွေထားရင် အဆင်ပြေမှာပါ၊ သတ္တဝါတွေပေါ်မှာလည်း မေတ္တာတရားထားဖို့ လိုပါတယ်။ မြန်မာပြည်ဟာ တစ်ကမ္ဘာလုံးမှာ ချမ်းသာတာတစ်ခုရှိပါတယ်။ အဲဒီဟာကတော့ မေတ္တာတရားပါ။ ဆရာ၊ မိဘတွေကို အလွန်ရိုသေတဲ့ လူမျိုးဟာ ကမ္ဘာပေါ်မှာ မြန်မာပြည်က နံပါတ်တစ်ပါ။ ပြီးခဲ့တဲ့နှစ်က စိတ်မချမ်းသာစရာတွေတွေ့ရတယ်။ မေတ္တာတရားတွေ ခေါင်းပါးလာတယ်၊ ဆရာကို ဆရာမှန်းမသိ၊ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းမသိ၊ မိဘတွေကိုလည်း ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆို၊ ဒါတွေကို နှစ်သစ်မှာ သင်္ကြန်ရေပက်ဖျန်းသလို ဆေးကြောလိုက်ပါ၊ ဆေးကြောပြီးတော့ ဒီနှစ်သစ်မှာ မေတ္တာတရားထားလိုက်ပါ။ အစစအရာရာအောင်မြင်ပါလိမ့်မယ်။ အခုချိန်ကစပြီးတော့ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ ပြည်သူနဲ့ အစိုးရလက်တွဲပြီးတော့ နိုင်ငံတော်သစ်ကြီးကို ချီတက်ကြပါစို့လို့ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ) (ဒုတိယ ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

၁၃၈၄ ခုနှစ် မြန်မာ့နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး စိတ်ချမ်းသာပြီးတော့ ကိုယ်ကျန်းမာပါစေကြောင်း ကျွန်တော်တို့ အစ္စလာမ် ဘာသာဝင်လူထုအနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးဆိုရင်လည်းပဲ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ပါတယ်။ စည်းလုံးချစ်ခင်ပြီးတော့ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နေကြပါတယ်လို့ ပြောလို့ရပါတယ်။ ဘာသာမတူ လူမျိုးမတူပေမယ့် ချစ်ခင်လေးစားမှုကတော့ အပြန်အလှန်ရှိကြပါတယ်။ ဒီအင်အားနဲ့ ကျွန်တော်တို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ကြပါစို့၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်လို့ ကျွန်တော်တို့ အစ္စလာမ်လူထုက ယုံကြည်ထားပါတယ်။ အင်အားသည် နိုင်ငံတော်အတွက် အရေးကြီးပါတယ်။ ပြည်သူ့အင်အားသည် နိုင်ငံ့အင်အားပဲ၊ ကျွန်တော်တို့ ပြည်သူပြည်သားတွေ အားလုံး စည်းလုံးချစ်ခင်စွာနဲ့ နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကြပါစို့လို့ ကျွန်တော်အထူးပဲ မေတ္တာရပ်ခံပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာဖြစ်နေတဲ့ ကိုဗစ်- ၁၉ ရောဂါဟာ ကမ္ဘာတစ်ခုလုံးကို တုန်လှုပ်စေခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ ကြီးကြီးမားမားရိုက်ခတ်မှုတွေ ရှိခဲ့ပါတယ်။ ဒီ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးပြီးတော့ နိုင်ငံသူ နိုင်ငံသားများအားလုံး ကျန်းမာပါစေကြောင်း နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဒေါ်ခင်ခင်မေ (ခရစ်ယာန်ဘာသာ) (တွဲဖက်အတွင်းရေးမှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

မင်္ဂလာပါရှင့်

မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုး ရှိတဲ့အပြင် ဘာသာအယူဝါဒများစွာကိုလည်း လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီအတွက်လည်း ဘုရားသခင်ကို ချီးမွမ်းပါတယ်။ မြန်မာနိုင်ငံရဲ့ ယခုအချိန်မှာ အလိုအပ်ဆုံးဖြစ်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရေပက်မဝင်အောင် တည်ဆောက်နိုင်ဖို့ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့အနေနဲ့ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သစ်ကူး အခါသမယမှာ အညစ်အကြေးများ၊ မကောင်းမှုများအားလုံးကို ဆေးကြောသန့်စင်ပြီး ကောင်းမွန်တဲ့ တိုင်းသစ်၊ ပြည်သစ်၊ လူသစ်၊ စိတ်သစ်နဲ့ လူ့ဘောင်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အချင်းချင်းမေတ္တာတရားနဲ့ ဘာသာပေါင်းစုံအားလုံး ချစ်ကြည်ညီညွတ်စွာ အတူလက်တွဲတည်ဆောက်နိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်းမှာပဲ လာမယ့်အနာဂတ်ကာလမှာလည်းပဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးဖို့အတွက် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှာ ပါဝင်ဆောင်ရွက်တဲ့အခါမှာလည်း ပူးပေါင်း ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူပြည်သားအားလုံး ဘေးဘယာကင်းဝေးပြီး လူ့ဘောင်သစ်ကြီးဆီသို့ ချီတက်နိုင်ကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

**တွေ့ဆုံမေးမြန်း-လင်းလတ်ကြယ်၊ ကျော်ကျော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ အခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးရှိ ငုရွှေဝါခန်းမ၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မာရဝိဇရ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိတို့ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ပရိတ်တရားတော်များ နာယူ**

အခမ်းအနားတွင် ဒေ့ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြသည်။

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒနှင့် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိတို့ အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်းမှုအစုစု အမျှဝေ**

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် (၅၈) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲသို့ တက်ရောက်

**စစ်တွေ မေ ၁၇**

(၅၈) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်-မြန်မာသက္ကရာဇ် ၁၃၈၄ ခု၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်တွေမြို့ပေါ်မှ သက်ကြီးအဘိုးအဘွားများ၊ ဌာနဆိုင်ရာများ၊ စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ကော်မတီဝင်များ၊ ယိမ်းအကအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**မင်္ဂလာစည်တော်တီး ဖွင့်လှစ်**

ရှေးဦးစွာ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်ရိုးရာမင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ပြီး မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီ စာရင်းစစ်မှူး ဦးစံညွန့်က မင်္ဂလာဩဘာရတုဖြင့် ရွတ်ဆိုပူဇော်ကာ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစံသာမောင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက သက်ကြီးပူဇော်ပွဲနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။



(၅၈) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။

**ယိမ်းအကဖြင့် ကပြဖျော်ဖြေ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း အမှူးပြုသော ဒေ့ပရိသတ်များက သက်ကြီးအဘိုး အဘွားများကို လက်အုပ်ချီမိုး ဦးချပူဇော်ကန်တော့ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သက်ကြီးအဘိုး အဘွားများကို မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းကြကာ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ကော်မတီနှင့် အလှူရှင်၊ စေတနာရှင်များက အဘိုး အဘွားများကို အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။ ယင်းနောက် အပူဇော်ခံ အဘိုး အဘွားများကိုယ်စား အဘိုး ဦးစောစိန်က ဆုတောင်းမေတ္တာပို့စကား ပြောကြားပြီး မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုကော်မတီမှ "အာရက္ခတဘောင်" ယိမ်းအကဖြင့် ဂါရဝပြုကပြဖျော်ဖြေပူဇော်ကြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းတို့က သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီနှင့် ယိမ်းအကအဖွဲ့ဝင် လူငယ်များကို အလှူငွေနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ပူဇော်ကန်တော့**

သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီမှ ခန်းမအတွင်းသို့ လာရောက်အပူဇော်ခံ အဘိုး အဘွား ၇၀ ကို ပူဇော်ကန်တော့ကြပြီး ရပ်ကွက်အသီးသီးနှင့် ဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများကိုလည်း လှည့်လည်ပူဇော်ကန်တော့သွားမည်ဖြစ်သည်။ စစ်တွေမြို့တွင် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီက အသက် ၈၀ နှင့်အထက် အဘိုး အဘွားများနှင့် အသက်တစ်ရာအထက် အဘိုး အဘွား ခုနစ်ဦးအပါအဝင် စုစုပေါင်း ၁၁၁၀ ကို ပူဇော်ကန်တော့သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့ ယနေ့နံနက် ၇နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းမဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ ဗိုလ်ချုပ် စိုးတင့်နိုင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များတက်ရောက်၍ ဇီဝိတဒါနအဖြစ် ထိုင်းငါးခုံးမအကောင်ရေ ၃၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါန လွှတ်ပေးကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ သက်ကြီးဘိုးဘွားများ ကန်တော့ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၈)၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ ဗိုလ်ချုပ် စိုးတင့်နိုင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ အတူနေမိသားစုဝင် အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၁၁၂ ဦးတို့ကို အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် ငွေသားများအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ဖ၈၃၇ဖ၀၀ ကို တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများက ပေးအပ်လှူဒါန်းကြပြီး ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှု ရပ်နားခဲ့ရသော ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသ

ရန်ကုန် ဧပြီ ၁၇

**ကိုဗစ် – ၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှုရပ်နားခဲ့ရသော ရုပ်ရှင်ရုံများကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပြသရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံ၌ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားကို ရုပ်ရှင်ချစ်မြတ်နိုးသူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။** (အောက်ပုံ)





သမ္မတရုပ်ရှင်ရုံ၌ ပြန်လည်ဖွင့်လှစ်ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ စည်သူ ဦးကြည်စိုးထွန်းနှင့် ရုပ်ရှင်အနုပညာရှင်များ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဂီတအနုပညာရှင်များ၊ ရုပ်ရှင်ချစ်မြတ်နိုးသူပြည်သူများ အတူတကွကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့နံနက်ပိုင်းတွင် သမ္မတရုပ်ရှင်ရုံ၌ ရုပ်ရှင် / ဂီတနယ်ပယ်အသီးသီးမှ ထုတ်လုပ်သူများ၊ အနုပညာရှင်များနှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ မြန်မာနှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်ကူးအခါသမယတွင် နှစ်နှစ်ခန့်ရပ်နားထားခဲ့ရသော ရုပ်ရှင်ရုံများကို ပြန်လည် ဖွင့်လှစ်ပြသနိုင်သည့်အတွက် လွန်စွာ မင်္ဂလာရှိသည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရုံများကို ရပ်နားခဲ့ရသည့်အတွက် ရုပ်ရှင်အနုပညာဖန်တီးထုတ်လုပ်မှုအပိုင်း၊ ပြသမှုအပိုင်း ထိခိုက်ခဲ့ရာ ရုပ်ရှင်လောကသားများသာမက ၎င်းတို့နှင့် ဆက်စပ်ပတ်သက်သူများအားလုံး၏ လူမှုစီးပွားကိစ္စများတွင် အထိုက်အလျောက် ထိခိုက်နစ်နာမှုများ ရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရုပ်ရှင်လောကသားအချို့ စားဝတ်နေရေး ထိခိုက်ခဲ့ရပြီး ၎င်းတို့၏ လူမှုစီးပွားဘဝများနှင့် အနုပညာဖန်တီးထုတ်လုပ်မှုများတွင် အတိုင်းအတာတစ်ခုထိ ထိခိုက်နစ်နာခဲ့ရသည့်အတွက် မိမိအနေဖြင့် လွန်စွာစိတ်မကောင်း ဖြစ်မိပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အနုပညာရှင်များ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် မကြာခဏ လမ်းညွှန်ထားပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်မှုအပိုင်းတွင်သာမက ပြသမှုအပိုင်းများတွင် ရုပ်ရှင်လောကသားများ၏ တင်ပြချက်များနှင့် အခက်အခဲများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရုပ်ရှင်ရုံများ ဖွင့်လှစ်ပြသခြင်းမရှိသည့် ရုပ်ရှင်ရုံပိုင်ရှင်များကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြသနိုင်ရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခံစားခဲ့ရသည့် စာပေ၊ ရုပ် ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးက လုပ်ငန်းရှင်များနှင့် အနုပညာရှင်များကို ပြန်လည် ကုစားဆောင်ရွက်နိုင်ရေးအတွက် ချေးငွေများထုတ်ပေး၍ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် မသမာသူအဖျက်သမားများက ရုပ်ရှင်ရုံများ ပြန်လည် ဖွင့်လှစ်ပြသမှုများကို နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ဟန့်တားကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို ကြားသိရသည့်အတွက် လွန်စွာ စိတ်မကောင်းဖြစ်မိပါကြောင်း၊ အနုပညာရှင်များသည်လည်း လူသားများဖြစ်သည့်အတွက် ၎င်းတို့၏ မိသားစုစားဝတ်နေရေးအတွက် အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ အနုပညာလုပ်ငန်းများအား ရိုးသားစွာလုပ်ကိုင် ဆောင်ရွက်နေသူများသည် နိုင်ငံရေးနှင့် ပတ်သက်ဆက်နွှယ်ခြင်း မရှိသည့်အတွက် ၎င်းတို့အား ပြစ်တင်ဝေဖန်တိုက်ခိုက်မှုများ ပြုနေခြင်းများကို မပြုလုပ်သင့်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလို နှစ်သစ်ကူး အခါသမယတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်အသက်ဝင် နိုးထလာစေကြောင်းနှင့် အနုပညာရှင်များနှင့် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝစေရေး ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် Skystar Hotel ၌ ရုပ်ရှင်အနုပညာရှင်များ၊ ဂီတအနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များအား ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ဧပြီ ၁၇ ရက်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံ ၄၈ ရုံအား ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိရာ မြန်မာဇာတ်ကားများနှင့် နိုင်ငံခြားဇာတ်ကားများကို ရုံတင်ပြသလျက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ရုံများ၏ လုံခြုံရေးဆိုင်ရာများ၊ လျှပ်စစ်မီးရရှိရေးများအပါအဝင် အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဇာဝေရာလမ်းရှိ ဓမ္မဝိဟာရ ပထမကျော် စာသင်တိုက်အတွင်း တည်ထားကိုးကွယ်ထားသည့် ဇိနမာရ်အောင်စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက် ကြည်ညိုပြီး ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝရဝံသာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများအား လည်းကောင်း၊ ဇိနမာရ်အောင်စေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်အား လည်းကောင်း ဆက်ကပ်ပူဇော်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၆၃ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်**
**( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက် )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး (၇၅)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ ကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နိုင်မှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

## သုဓမ္မသင်္ဂဟဘွဲ့များ

### အဂ္ဂမဟာသီရိသုဓမ္မဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးနု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | ဦးစန်းယု | နိုင်ငံတော်သမ္မတ |
| ၃။ | ဗိုလ်ချုပ်မှူးကြီးစောမောင် | နိုင်ငံတော်ဝန်ကြီးချုပ် |

### သတိုးသီရိသုဓမ္မဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးမြင့်ဆွေ | ယာယီသမ္မတ |
| ၂။ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နိုင်ငံတော်ဝန်ကြီးချုပ် |

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

### အဂ္ဂမဟာသရေစည်သူဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးနု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | ဦးနေဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃။ | ဦးစန်းယု | နိုင်ငံတော်သမ္မတ |
| ၄။ | ဗိုလ်ချုပ်မှူးကြီးစောမောင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၅။ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | နိုင်ငံတော်ဝန်ကြီးချုပ် |

### သတိုးမဟာသရေစည်သူဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးစိန်ဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | ဦးမောင်မောင်ခ | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃။ | ဦးမြင့်ဆွေ | ယာယီသမ္မတ |
| ၄။ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၅။ | ဗိုလ်ချုပ်ကြီး သူရကျော်ထင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် |

### မဟာသရေစည်သူဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးဗဆွေ | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂။ | သူရဦးထွန်းတင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃။ | ဒုတိယဗိုလ်ချုပ်ကြီး အေးကို(ငြိမ်း) | ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) |
| ၄။ | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ (ငြိမ်း) | ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) |

### သရေစည်သူဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးစိန်လွင် | နိုင်ငံတော်သမ္မတ |
| ၂။ | ဒေါက်တာမောင်မောင် | နိုင်ငံတော်သမ္မတ |
| ၃။ | ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) | ဒုတိယဝန်ကြီးချုပ် |
| ၄။ | ဗိုလ်မှူးချုပ် တင့်ဆွေ (ငြိမ်း) | ဝန်ကြီး |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် (ငြိမ်း) | ဝန်ကြီး |
| ၆။ | ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ (ငြိမ်း) | ဝန်ကြီး |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် (ငြိမ်း) | ဝန်ကြီး |
| ၈။ | ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင် (ငြိမ်း) | ဝန်ကြီး |
| ၉။ | ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင် (ငြိမ်း) | ဝန်ကြီး |
| ၁၀။ | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် (ငြိမ်း) | ဝန်ကြီး |
| ၁၁။ | ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ (ငြိမ်း) | ဝန်ကြီး |

### စည်သူဘွဲ့

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ် ချစ်လှိုင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၂။ | ဗိုလ်ချုပ် မောင်မောင်ဝင်း (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၃။ | ဗိုလ်ချုပ် သူရစောဖြူ (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၄။ | ဗိုလ်ချုပ် ကိုကြီး (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၅။ | ဗိုလ်ချုပ် မြင့်ဆွေ (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၆။ | ဗိုလ်ချုပ် လွင်ဦး (ငြိမ်း) | စစ်ဦးစီးအရာရှိချုပ် (လေ) |
| ၇။ | ဗိုလ်မှူးချုပ် သောင်းတင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၈။ | ဗိုလ်မှူးချုပ် သောင်းဒန် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၉။ | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘို (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး သူရအက်စ်ဂျောင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### ဇေယျကျော်ထင်ဘွဲ့

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ် ထွန်းတင်(ငြိမ်း) | စစ်ရေးချုပ် |
| ၂။ | ဗိုလ်ချုပ် ကျီထောင်ဇာခိုင် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၃။ | ဗိုလ်ချုပ် အောင်ခင် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၄။ | ဗိုလ်ချုပ် လှဦး (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၅။ | ဗိုလ်ချုပ် ဖေမြိုင် (ငြိမ်း) | စစ်ရေးချုပ် |
| ၆။ | ဗိုလ်ချုပ် မင်းဂေါင် (ငြိမ်း) | စစ်ရေးချုပ် |
| ၇။ | ဗိုလ်ချုပ် ခင်မောင်ကျော် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၈။ | ဗိုလ်ချုပ် မြင့်လွင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၉။ | ဗိုလ်ချုပ် သန်းဦး (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၁၀။ | ဗိုလ်ချုပ် ညွန့်တင် (ငြိမ်း) | အနောက်တောင်တိုင်းစစ်ဌာနချုပ် |
| ၁၁။ | ဗိုလ်ချုပ် အောင်ကြည် (ငြိမ်း) | လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၁၂။ | ဗိုလ်မှူးချုပ် မောင်မောင် (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၁၃။ | ဗိုလ်မှူးချုပ် မြင့်မောင် (ငြိမ်း) | စစ်ရေးချုပ် |
| ၁၄။ | ဗိုလ်မှူးချုပ် စံကြည် (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၁၅။ | ဗိုလ်မှူးချုပ် ဘသော် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၁၆။ | ဗိုလ်မှူးချုပ် အောင်သင်း (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၁၇။ | ဗိုလ်မှူးချုပ် လှထွန်း (ငြိမ်း) | စစ်ထောက်ချုပ် |
| ၁၈။ | ဗိုလ်မှူးချုပ် အယ်လ်ကွန်ဖန် (ငြိမ်း) | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၁၉။ | ဗိုလ်မှူးချုပ် ဝမ်းတင် (ငြိမ်း) | တောင်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၀။ | ဗိုလ်မှူးချုပ် အေးစန် (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၁။ | ဗိုလ်မှူးချုပ် စိုးမြင့် (ငြိမ်း) | စစ်ရာထူးခန့်ချုပ် |
| ၂၂။ | ဗိုလ်မှူးချုပ် ဘသိန်း (ငြိမ်း) | စစ်ဆေးရေးအရာရှိချုပ် |
| ၂၃။ | ဗိုလ်မှူးချုပ် သန်းညွန့် (ငြိမ်း) | စစ်ရာထူးခန့်ချုပ် |
| ၂၄။ | ဗိုလ်မှူးချုပ် စိန်ရ (ငြိမ်း) | လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၂၅။ | ဗိုလ်မှူးချုပ် မျိုးအောင် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၂၆။ | ဗိုလ်မှူးချုပ် စိန်ဝင်း (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၂၇။ | ဗိုလ်မှူးချုပ် တင်ထွဋ်(ငြိမ်း) | စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် |
| ၂၈။ | ဗိုလ်မှူးချုပ် ထွန်းရွှေ (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၉။ | ဗိုလ်မှူးချုပ် တင်အေး (ငြိမ်း) | စစ်ဆေးရေးအရာရှိချုပ် |
| ၃၀။ | ဗိုလ်မှူးကြီး သူရအောင်ဖေ (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၃၁။ | ဗိုလ်မှူးကြီး မောင်ကျော် (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၃၂။ | ဗိုလ်မှူးကြီး လှဘုန်း (ငြိမ်း) | ရန်ကုန်တိုင်းစစ်ဌာနချုပ် |
| ၃၃။ | ဗိုလ်မှူးကြီး ခင်အုန်း (ငြိမ်း) | အရှေ့တောင်တိုင်းစစ်ဌာနချုပ် |
| ၃၄။ | ဗိုလ်မှူးကြီး မျိုးအောင်(ငြိမ်း) | ရန်ကုန်တိုင်းစစ်ဌာနချုပ် |
| ၃၅။ | ဗိုလ်မှူးကြီး မင်းနောင်(ငြိမ်း) | အရှေ့မြောက်တိုင်းစစ်ဌာနချုပ် |
| ၃၆။ | ဗိုလ်မှူးကြီး ရန်နောင်စိုး (ငြိမ်း) | အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | |
|---|---|---|
| ၁။ | စောဟန်တာသာမွေး | ကရင်တော်လှန်ရေးကောင်စီ ဗဟိုအာဏာပိုင်အဖွဲ့ |
| ၂။ | ဦးစခုန်တိန့်ယိန်း | ကချင်အဖွဲ့ (New Democratic Army(Kachin) – NDAK) (ကချင်ပြည်နယ်အထူးဒေသ – ၁) |
| ၃။ | ဦးအောင်ခမ်းထီ | ပအိုဝ်အဖွဲ့ (Pa–O National Organization – PNO) (ရှမ်းပြည်တောင်ပိုင်းအထူးဒေသ – ၆) |
| ၄။ | ဦးအိုက်မုန်း | ပလောင်အဖွဲ့ (Palaung State Liberation Army – PSLA) (ရှမ်းပြည်မြောက်ပိုင်းအထူးဒေသ – ၇) |
| ၅။ | ဦးကေဘရယ်ပျံ | ကယန်းအဖွဲ့ (Kayan National Guard–KNG) (ကယားပြည်နယ်အထူးဒေသ – ၁) |
| ၆။ | Dr.Saboi Jum | တည်ထောင်သူ၊ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း အတွင်းရေးမှူး၊ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် |
| ၇။ | ဦးစန္ဒာ | ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ကလလတ)(ကယားပြည်နယ်အထူးဒေသ – ၂) |
| ၈။ | ဦးနိုင်ရွှေကျင် | မွန်ပြည်သစ်ပါတီ(New Mon State Party–NMSP) |
| ၉။ | မြိုင်ကြီးငူဆရာတော် ဦးသုဇန | (Democratic Kayin Buddhist Association – DKBA) |
| ၁၀။ | ဦးစောသမူဟဲ | KNU တပ်မဟာ(၆)၊ တပ်ရင်း (၁၆) (ဟောင်သရောအထူးအဖွဲ့) |
| ၁၁။ | စောဖယ်ရီမိုး | KNU တပ်မဟာ(၂) သံတောင်အထူးဒေသအဖွဲ့ |
| ၁၂။ | ဖဒိုအောင်ဆန်း | KNU ဖဒိုအောင်ဆန်းအဖွဲ့ |
| ၁၃။ | ဦးလဆန်အောင်ဝါ | KIO (ခွဲထွက်) ဦးလဆန်အောင်ဝါအဖွဲ့ |
| ၁၄။ | ဗိုလ်ချုပ်ဌေးမောင်(ခ) စောဌေးမောင် | KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ |
| ၁၅။ | စောမူတူးစေးဖိုး | ကရင်အမျိုးသားအစည်းအရုံး(KNU) |
| ၁၆။ | ဦးယွက်ဆစ် | RCSS/SSA–S |
| ၁၇။ | ဦးခွန်ဥက္ကာ | ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO) |
| ၁၈။ | ဦးခိုင်စိုးနိုင်အောင် | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) |
| ၁၉။ | နိုင်ထောမွန် | မွန်ပြည်သစ်ပါတီ(NMSP) |

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

| | | |
|---|---|---|
| ၂၀။ | ကြာခွန်ဆာ | လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) |
| ၂၁။ | ဦးလှမောင်ရွှေ | လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အကြံပေး အဖွဲ့ဝင်ဟောင်း၊ ငြိမ်းချမ်းရေးကော်မရှင် |
| ၂၂။ | ဦးပြည့်စုံ | ဒုတိယဥက္ကဋ္ဌ-၂၊ JMC-U |
| ၂၃။ | ဦးမောင်မောင်ငြိမ်း | အဖွဲ့ဝင်၊ JMC-U |
| ၂၄။ | စိုင်းမျိုးသန့် | အဖွဲ့ဝင်၊ JMC-U |
| ၂၅။ | သိက္ခာတော်ရဆရာတော် စောမက်သယူးအေး | အဖွဲ့ဝင်၊ JMC-U |

**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | နန်းတော်ရှေ့ဆရာတင် | တေးရေးပညာရှင် |
| ၂။ | ရွှေတိုင်ညွန့် | တေးရေးပညာရှင် |
| ၃။ | ဦးရွှေနန်းတင် | ဇာတ်သဘင်ပညာရှင် |
| ၄။ | တွံတေးသိန်းတန် | အဆိုပညာရှင် |
| ၅။ | စန္ဒရား ချစ်ဆွေ | ဂီတပညာရှင် |
| ၆။ | စန္ဒရား လှထွတ် | ဂီတပညာရှင် |
| ၇။ | သုမောင် | အဆိုပညာရှင် |
| ၈။ | ဦးစိန်ဗိုလ်တင့် | ဆိုင်းပညာရှင် |
| ၉။ | ဦးလွင်မြင့် | တေးရေးပညာရှင် |
| ၁၀။ | ချိုတေးဆက် (ကိုအောင်ကိုး) | တေးရေးပညာရှင် |
| ၁၁။ | စန္ဒရား ဦးစိန်သောင်း | အတီးပညာရှင် |
| ၁၂။ | ဦးအောင်ကိန်း | အတီးပညာရှင် |
| ၁၃။ | ဦးအုန်းမောင် | အတီးပညာရှင် |
| ၁၄။ | ဒေါ်ရွှေကူနန်းနွဲ့နွဲ့ | ဂီတပညာရှင် |
| ၁၅။ | ဒေါ်ခင်မေ | ဂီတပညာရှင် |
| ၁၆။ | တက္ကသိုလ်လဲ့လဲ့(ခ) ဒေါ်လဲ့လဲ့ဝင်း | အဆိုပညာရှင် |
| ၁၇။ | ဦးစိန်မွတ်တား | ဆိုင်းပညာရှင် |
| ၁၈။ | မြန်မာပြည်ကျောက်စိမ်း | ဆိုင်းပညာရှင် |
| ၁၉။ | သီရိမောင်မောင် | ဆိုင်းပညာရှင် |
| ၂၀။ | မွန်ပြည်နယ်ကိုကိုနိုင် | ဆိုင်းပညာရှင် |
| ၂၁။ | တက္ကသိုလ်ခင်မြလွင် | ဆိုင်းပညာရှင် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးမြတ်လေး | အနုပညာရှင် |

**လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | |
|---|---|---|
| ၂။ | ဒေါ်စိုးမြတ်သူဇာ | အနုပညာရှင် |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | စောင်း ဦးခင်မြင့် | အတီးပညာရှင် |
| ၂။ | ကိုအံ့ကြီး | အဆိုပညာရှင် |
| ၃။ | ဦးဘသိန်း(မန္တလေး) | တေးရေးပညာရှင် |
| ၄။ | ဦးသိန်းဆောင် | အဆိုပညာရှင် |
| ၅။ | စန္ဒရား ငွေစိုး | အတီးပညာရှင် |
| ၆။ | ဦးကေတုဝင်းထွဋ် | အဆိုပညာရှင် |
| ၇။ | ဦးသန်းမြတ်စိုး | အဆိုပညာရှင် |
| ၈။ | ဦးထွန်းရွှေ | အဆိုပညာရှင် |

**အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးအံ့ကျော် | အနုပညာရှင် |
| ၂။ | ဦးမြတ်သစ် | အနုပညာရှင် |
| ၃။ | ဦးဇော်လွင် | အနုပညာရှင် |
| ၄။ | ဦးဇော်ဝမ်း | အနုပညာရှင် |
| ၅။ | ဦးစိုးတင့်လွင် | ဆိုင်းပညာရှင် |
| ၆။ | ဦးခင်မောင်ဝင်း | အကပညာရှင် |
| ၇။ | ဒေါက်တာရည်နွယ် | ဂီတပညာရှင် |
| ၈။ | ဦးခင်လှ | အတီးပညာရှင် |
| ၉။ | ဦးမျိုးညွန့် | အတီးပညာရှင် |
| ၁၀။ | ဦးစောဝင်း | အတီးပညာရှင် |
| ၁၁။ | ဦးစံရင် | အတီးပညာရှင် |

**အနုပညာထူးချွန်တံဆိပ် (တတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဒေါ်စိန်ဌေး | အဆိုပညာရှင် |
| ၂။ | ဒေါ်မူမူခင် | အဆိုပညာရှင် |
| ၃။ | ဦးလှငွေ | အတီးပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၃၁/၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်**
**(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား/သူ ၄၂ ဦးတို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

❖ *ကျောဖုံးမှ*

ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၅၄ ဦး၊ အကျဉ်းသူ ခြောက်ဦး၊ ပေါင်း ၁၆၀ တို့ကို စနစ်တကျလွှတ်ပေး

ရန်ကုန် ဧပြီ ၁၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/ အကျဉ်းသူများအနက် အကျဉ်းသား ၁၅၄ ဦး၊ အကျဉ်းသူ ခြောက်ဦး၊ ပေါင်း ၁၆၀ တို့ကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ယနေ့ နံနက် ၁၁ နာရီခန့်တွင် စနစ်တကျ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။**

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား/ အကျဉ်းသူများကို လွှတ်ပေးသည့် အခမ်းအနားကို အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်း မိုးလုံလေလုံအားကစားရုံခန်းမတွင် ယနေ့ နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အကျဉ်းထောင်အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းတို့က လွှတ်မြောက်သည့် အကျဉ်းသား/အကျဉ်းသူများကို ဆုံးမသြဝါဒစကား ပြောကြားပြီး အကျဉ်းသား/အကျဉ်းသူများကို ထောင်လွတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားခငွေများ ပေးအပ်ကာ သက်ဆိုင်ရာ မြို့နယ်အလိုက် YBS မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၄) ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

(၁၄) ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာ ရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ဒုတိယ ဝန်ကြီး ဦးအေးထွန်းနှင့် ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင် အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်တော်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တာသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာ ထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ် ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေ အတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦး မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများ ဖျန်းပက်ကာ မေတ္တာပို့သကြသည်။ **သတင်းစဉ်**

# မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကား

ရန်ကုန် ဧပြီ ၁၇

**မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများ၌ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်းကားလျက်ရှိသည်။**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲနှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကဓရ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယောဆရာတော်) ဘဒ္ဒန္တ သီရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့ပြင် မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတ ပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသည့် "မုဋ္ဌလိန္ဒာ နဂါမျိုးနွယ် နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သင်္ကန်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစိဝရာ ပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရား ဆင်းတုတော်မြတ်ကို" ရောင်ခြည်တစ်ထောင်အလင်းဆောင်သည့် ဘာဏုရာဇာ နေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် ၁၃၈၄ ခုနှစ် မြန်မာ့နှစ်ဆန်း ၁ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်မှုကို ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။



ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ အလားတူ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဝရဒါဌာ ဓါတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးနှင့် ဆုတောင်းပြည့် မယ်လမု စေတီတော်တို့၌ ဂေါပကအဖွဲ့များက ကြီးမှူး၍ နှစ်သစ်မင်္ဂလာ အခါတော်နေ့ အခမ်းအနားများနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

**သတင်း-ကိုကိုဇော်၊ ကျော်ကျော်**
**ဓာတ်ပုံ-လင်းလတ်ကြယ်**

ဘုံပိုင်ခေါင်းမှ
ရေစက်ကျမနေစေရန်
ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို
မသုံးဘဲ
ဖွင့်ထားခြင်း
မပြုပါနှင့်။

# မြန်မာ့နှစ်ဆန်း (၁) ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၁၇**

ယနေ့ကျရောက်သော နှစ်သစ်ကူးပြောင်းသည့် မြန်မာ့နှစ်ဆန်း (၁)ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ မြို့နယ်၊ ရပ်ကွက်များ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသူများ၊ သီတင်းသီလ ဆောက်တည်ကြသူများနှင့် ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ နံနက်အာရုံတက်မှစ၍ မဟာမုနိရုပ်ပွားတော်မြတ်အား မျက်နှာသစ်တော် ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး မန္တလေးဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပါယ်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အစာကျွေးခြင်း စသည့် ကောင်းမှုအစုစုတို့ကို ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ကုသိုလ်ဘာဝနာ ပွားများကြသူများ ဖြင့် စည်းကားလျက်ရှိသည်။

ထို့ပြင် အောင်တော်မူ မြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီ၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကျောက်စိမ်းစေတီတော် စသည့် ဘုရားတို့တွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင် အလှူရှင်များမှလည်း စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြသည်။

မန္တလေးတိုင်း ဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များကလည်း တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှု ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြု အလှူပစ္စည်းများထောက်ပံ့ခြင်း စသည့် ကုသိုလ်ဒါနများကိုလည်း ပြုလုပ်ခဲ့ကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့အတွင်းရှိ ရပ်ကွက်များ၊ လမ်းများ၊ ဓမ္မာရုံများ၌ ဆရာတော်၊ သံဃာတော်များပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှု မင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြကာ မြန်မာ့နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါသမယနေ့တွင် မန္တလေးမြို့တော် တစ်ခွင်လုံး၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**မောင်အေးချမ်း**

## တောင်ငူ၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**တောင်ငူ ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ယိုးဒယားပေါက်၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကာ သုံးလက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၀ ကို ဇီဝိတဒါနအဖြစ် ယိုးဒယားပေါက်ကျုံးအတွင်းသို့ လွှတ်ပေးကြသည်။

ဇော်ထက်(တောင်ငူ)

## နှစ်သစ်ဦး ဆုတောင်းစကား



၁၃၈၃ ခုနှစ် ကုန်ဆုံး၍ ၁၃၈၄ ခုနှစ် နှစ်သစ်မင်္ဂလာနှစ်ဦးအခါသမယမှာ မြန်မာပြည်သူပြည်သား၊ ကမ္ဘာသူကမ္ဘာသား အားလုံးတို့သည် ချမ်းမြေ့သာယာဝဖြိုးသော သုခမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ၍ ဆင်းရဲခြင်းအမျိုးမျိုး၊ ရောဂါအမျိုးမျိုး၊ သတ္တဝါအချင်းချင်း ညှဉ်းပန်းနှိပ်စက်ခြင်းတို့မှ လွတ်မြောက်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

"ဝိဝါဒံ ဘယတော ဒိတွာ၊ အဝိဝါဒဉ္စ ခေမတော
သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနီ။"

**အပဒါန ပါဠိ (ပ)၊ နှာ(၇)၊ စာပိုဒ်(၇၉)**

ငြင်းခုံခြင်းကို ဘေးအားဖြင့်ရှု၍၊ မငြင်းခုံခြင်းကိုလည်း ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ညီညွတ်သူပြေပြစ်သူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

"ဒေါသရှေ့ထား ပြောကြားဝစီ၊
ရန်ဖြစ်များ၍ ဘေးများလေသည်၊
မေတ္တာပန်းကြောင့် ရွှင်လန်းသာကြည်၊
ညီညွတ်ရေး နည်းပေးဆုံးမပြီ"

ဟူသော ဘုရားဟောဒေသနာတော်အတိုင်း နှစ်သစ်မင်္ဂလာမှာ လောကကြီးကို သာယာဝဖြိုး၊ ငြိမ်းချမ်းစိုပြည်အောင် လုပ်ဆောင်နိုင်ကြသည့် မြန်မာပြည်သူပြည်သား၊ ကမ္ဘာသူကမ္ဘာသားတို့ ဖြစ်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တနိမလ**
**(Ph.D,Buddhism)**
**နန္ဒာအောင်မြေကျောင်း၊ ပဓာနနာယကဆရာတော်**
**လိပ်ပြာကန်ကျောင်းတိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ

**၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်နေ့သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်ကာ နှစ်ဟောင်း တစ်နှစ်တာကုန်ဆုံးပြီး နှစ်သစ်အချိန်အခါကို ဖြတ်သန်းကြပြီဖြစ်ရာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ဘာသာသာသနာနှင့် မြန်မာပြည်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူအပေါင်း အေးချမ်းသာယာလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လက်တွဲညီညီ ဟန်ချက်ညီစွာဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာတရားလက်ကိုင်ထားကာ ကိုယ်စိတ်အေးချမ်းဘေးရန်ကွာ၍ ရောဂါအပေါင်း ကင်းစင်ပပျောက် ချမ်းသာကြပါစေကြောင်း အနုပညာနယ်ပယ် အလွှာအသီးသီး၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံတို့ကို ဖော်ပြလိုက်ပါသည်။**

**ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

မြန်မာနှစ်ဆန်း ၁ ရက်နေ့မှာ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာကြပါစေ။ ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာအောင် အကောင်းမြင်တတ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံသားတွေ ကပ်သုံးပါးကျော်လွှားပြီး အေးချမ်းသာယာပါစေကြောင်း ရုပ်ရှင်လောကသားတွေနဲ့အတူ ရင်အတွင်းမှ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြု ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ပန်းချီစိုးမိုး ( ရုပ်ရှင်ဒါရိုက်တာ )**

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ရဲ့ သဘာဝဟာ ဧပြီလဖြစ်တဲ့အတွက် ရာသီဥတုပူတယ်။ ဒါကြောင့် သင်္ကြန်ရေသွန်းလောင်းတဲ့အခါမှာ ခန္ဓာကိုယ်အေးချမ်းပြီး စိတ်လည်း အေးချမ်းသွားတယ်။ ပြီးတော့ နှစ်ဟောင်းက အညစ်အကြေးတွေဟာ နှစ်သစ်ရောက်ချိန် သင်္ကြန်ရေနဲ့ ပက်ဖျန်းတာကြောင့် အညစ်အကြေးတွေလည်း ကုန်စင်သွားတယ်။ နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး လူသားအားလုံးဟာ ဘဝရပ်တည်မှု၊ သင်ကြားနေတဲ့ပညာ၊ မိမိလုပ်ကိုင်နေတဲ့ လုပ်ငန်းများ လုပ်ဆောင်တဲ့အခါ တိုတောင်းတဲ့လူ့ဘဝကြီးမှာ အကောင်းပကတိစိတ်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြပါလို့ ဆန္ဒပြုပါတယ်။

လူ့ဘဝဟာ အင်မတန် သက်တမ်းတိုပါတယ်။ တိုတဲ့သက်တမ်းကာလမှာ အချိန်ရှိစဉ် ဘာသာတရား၊ အောင်မြင်မှုနဲ့ မိမိဘဝရပ်တည်မှုအတွက် ကြိုးစားဖို့ အချိန်နည်းနေကြပါပြီ။ ဒါကြောင့် တရားရေအေး ဆည်းကပ်မှုနဲ့ နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး ကြိုးစားအားထုတ်မှုနဲ့ အတူ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ဦးလွင်မြင့် (မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ)**

နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး တိုင်းရင်းသားအားလုံးအတွက် မင်္ဂလာရှိတဲ့ နှစ်သစ်ဖြစ်ပါတယ်။ နှစ်ဟောင်းမှ နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မင်္ဂလာတရားနဲ့အညီ မင်္ဂလာရှိစွာ ဖြတ်သန်းကြလိုကြမှာပါ။ မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေနဲ့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေဖြစ်တဲ့ ပြည်သူတွေ စိတ်ချမ်းမြေ့ရင် အနုပညာရှင်တွေလည်း ပိုပြီးစိတ်ချမ်းမြေ့စေပါတယ်။ ဒါကြောင့် ပြည်သူပြည်သားအပေါင်း မြန်မာ့နှစ်သစ်ကူးမှာ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပျော်ရွှင်ချမ်းမြေ့သော နှစ်သစ်ဖြစ်ပါစေလို့ ဆုမွန်ကောင်း ပို့သပါတယ်။

**ဦးအောင်တင်ဝင်း (မြန်မာနိုင်ငံ သဘင်အစည်းအရုံး နာယက)**

နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေနဲ့ သဘင်သမားတွေအပါအဝင် အားလုံး ကျန်းမာချမ်းသာ ဝမ်းသာရွှင်လန်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းသာယာရှိကြပါစေ။ ကိုယ်ကျန်းမာ စိတ်ချမ်းသာလျက် ဘယာကင်းပ လိုတိုင်းရပြီး သုခချမ်းသာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့ပါတယ်။

**ဦးအုန်းမောင် ( မြင်းမူမောင်နိုင်မိုး- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

မြန်မာပြည်သူအပေါင်း ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ မကြာမီကာလမှာ မြန်မာ့နှစ်သစ်ကူးကာလကို ရောက်ရှိတော့မှာဖြစ်ပါတယ်။ နှစ်ဟောင်းမှာ ကျွန်တော်တို့တစ်တွေဟာ ပြုခဲ့ကြ၊ လုပ်ဆောင်ခဲ့ကြတဲ့ ကိစ္စများတွေကို ပြန်လည်သုံးသပ်ပြီး ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုတွေ၊ ကျွန်တော်တို့ရဲ့ ပြုမူမှုတွေဟာ အများအတွက်၊ မိမိအတွက်၊ ရပ်ရွာအတွက်၊ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းတယ်လို့ဆိုရင် ဒီလိုအကျိုးဖြစ်ထွန်းတဲ့ကိစ္စတွေကို ဆက်လက်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ပုထုဇဉ်လူသားတွေပီပီ အမှားအယွင်းတွေ၊ ချို့တဲ့မှုတွေ၊ ချို့ယွင်းမှုတွေ ရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့တစ်တွေ ကြုံတွေ့ဖြတ်ကျော်ခဲ့ရတဲ့ အခက်အခဲတွေ၊ အမှားအယွင်းတွေကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး အဲဒီလိုအမှားအယွင်းမျိုး ထပ်မံမဖြစ်ပေါ်ဖို့အတွက် မိမိကိုယ်ကိုယ်မိမိ စောင့်ထိန်းဆင်ခြင်ပြီး ကျွန်တော်တို့နိုင်ငံကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကနေ စည်ပင်ဖွံ့ဖြိုး ငြိမ်းချမ်းသာယာအောင်နဲ့ ထာဝရငြိမ်းချမ်းမှုရှိအောင် တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်မှုနဲ့ နိုင်ငံတော်အကြီးအကဲတွေ ဦးစီးဦးဆောင် ဆောင်ရွက်ပေးနေတဲ့ကာလမှာ ကျွန်တော်တို့ပြည်သူတွေကလည်း တစ်တပ်တစ်အားပါဝင်မယ်။ ပြီးတော့ ကျွန်တော်တို့နဲ့ ထိုက်တန်လျော်ညီစွာ စွမ်းဆောင်ပေးနိုင်တဲ့ ကိစ္စရပ်တွေမှာ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ပေးဖို့အတွက် နှစ်သစ်ကူးကာလမှာ အားလုံး မင်္ဂလာကျက်သရေအပေါင်းနဲ့ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပေးစေဖို့ ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။

**ဒေါ်ပုလဲ ( ရုပ်ရှင်သရုပ်ဆောင် )**

မြန်မာ့နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး အားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ဦးညွန့်ဝင်းရဲ့ ရွှင်လန်းချမ်းမြေ့ပါစေ သီချင်းထဲကအတိုင်း နိုင်ငံသူ နိုင်ငံသားအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ။ အနုပညာရှင်ဆရာသမားတွေနဲ့ အလှူရှင်၊ ထမင်းရှင်တွေဖြစ်တဲ့ ပြည်သူအပေါင်း စိတ်နှလုံးအေးချမ်းပြီး စီးပွားလာဘ်လာဘတွေ တိုးတက်ဝေဖြာကြပါစေလို့ ဆုမွန်ကောင်း ပို့သပါတယ်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**



ဦးကြည်စိုးထွန်း



ပန်းချီစိုးမိုး



ဦးလွင်မြင့်



ဦးအောင်တင်ဝင်း



ဦးအုန်းမောင်



ဒေါ်ပုလဲ

# နယ်စပ်ရေးရာဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဧပြီ ၁၇

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့ (မြန်မာနှစ်ဆန်း ၁ ရက်နေ့) နံနက် ၇ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်ကာ ဘေးမဲ့ငါးကောင်ရေ ၁,၅၀၀ ကို ဇီဝိတဒါနအဖြစ် မင်္ဂလာကန်တော်တွင်းသို့ ကုသိုလ်ပြု လွှတ်ပေးခဲ့ကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ် (၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်း မိသားစုများရှိ အသက် ၇၅ နှစ်နှင့်အထက် အဘိုး ကိုးဦး၊ အဘွား ၁၃ ဦး စုစုပေါင်း ၂၂ ဦးအနက် တက်ရောက်နိုင်သူ အဘိုး၊ အဘွား ရှစ်ဦးကို ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်၍ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်သစ်ကူး ကန်တော့ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ခဲ့ကြပြီး ကန်တော့ခံ ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဘိုးဘွားများအား ရင်းနှီးစွာ ဂါရဝပြုတွေ့ဆုံခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၇

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မင်းကင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဗန်းမော်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကွမ်းလုံမြို့တွင် ဝ ဒသမ ၄၇ လက်မ၊ မိုင်းဆတ်မြို့တွင် ဝ ဒသမ ၃၅ လက်မ၊ ပူတာအိုမြို့၊ မိုးညှင်းမြို့နှင့် ရွှေကူမြို့တို့တွင် ဝ ဒသမ ၃၂ လက်မစီနှင့် မချမ်းဘောမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ဝ ဒသမ ၂၈ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (၁၇) ကြိမ်မြောက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ သက်ကြီး ဘိုး/ဘွားများအား ပူဇော်ကန်တော့

နေပြည်တော် ဧပြီ ၁၇

**(၁၇) ကြိမ်မြောက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ၁၃၈၄ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်၊ ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဝန်ထမ်းမိသားစုများက ဥပ္ပါတသန္တိ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ လတ်တလောဖြစ်ပွားနေမှု အခြေအနေအရ နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် အတူနေထိုင်သည့် အသက် (၇၅) နှစ်နှင့်အထက် သက်ကြီး ဘိုး/ဘွား ၂၅ ဦးတို့ကို ဂါရဝလက်ဆောင်အဖြစ် အဘိုးတစ်ဦးလျှင် ပုဆိုး တစ်ထည်နှင့် လှူဒါန်းငွေကျပ် ၅၀၀၀၀/-၊ အဘွားတစ်ဦးလျှင် လုံချည် တစ်ထည်နှင့် လှူဒါန်းငွေကျပ် ၅၀၀၀၀/- တို့ကို သက်ဆိုင်ရာ ဌာနများအလိုက် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၇

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ယွန်းကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူကျွန်းကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ထီးလင်းကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ကြခတ္တော ဗောဓိကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မြို့ဦးကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သာသနမင်္ဂလာစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော် ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ (၁၂-၅-၂၀၂၂) ရက်နေ့ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ကြေညာချက်

**ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး တက်ရောက်ခွင့်ရရှိသူများ ပထမနှစ်(Semester I)၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက်ရောက်ဆဲ ပထမနှစ်သင်တန်း (Semester II) နှင့် ၂၀၂၂ ပညာသင်နှစ် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများအားလုံးကို ၁၂ - ၅ - ၂၀၂၂ ရက်၊ (ကြာသပတေးနေ့)မှစ၍ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ၂၀၂၂ ပညာသင်နှစ်၊ ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ စာရင်းကို www.yau.edu.mm/category/news တွင် ကြေညာထားမည်ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များ၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်၊ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲများ ပြုလုပ်



**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သော ယနေ့တွင် နှစ်ဦးပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ ပြုလုပ်ကြသည်။

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီးတို့ရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာများ၌ သံဃာတော်များက ရွတ်ပွားပူဇော်ချီးမြှင့်တော်မူကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သီလခံယူဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဇီဝိတဒါနစုပေါင်း ငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း(ဝဲပုံ)၊ အလှူငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်များ ပျော်ရွှင်စွာပိတ်သိမ်း

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ပိတ်ပွဲများကို မဟာသင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက် ညနေပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ ပြုလုပ်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေကစားမဏ္ဍပ်ပိတ်ပွဲများကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ စုပေါင်းအတာရေသဘင်မဏ္ဍပ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဗဟိုရေကစားမဏ္ဍပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မိသားစုရေကစားမဏ္ဍပ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိရေကစားမဏ္ဍပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်(ယာပုံ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရှုခင်းသာဗဟိုမဏ္ဍပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ရေကစားမဏ္ဍပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်တို့၌ ပြုလုပ်ကြရာ သင်္ကြန်ယိမ်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများက ဆုများ



ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ပိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့၌ သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် နိုင်ငံပိုင်တက်နေဝင်းအဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

ဘားအံ ဧပြီ ၁၇

**ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသော ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများကအခမ်းအနားသို့တက်ရောက်လာသော သက်ကြီးအဘိုးအဘွားများအား လှူဖွယ်ပစ္စည်းနှင့် ပူဇော်ကန်တော့ငွေများ ပေးအပ်လှူဒါန်းကြပြီး အဘိုး အဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုံးမဩဝါဒစကားပြောကြားကာ ဗုဒ္ဓသာသနံ စိရတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ယင်းနောက် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကရင်ပြည်နယ်ဇီဝိတဒါန ငါးလွှတ်ပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမရှေ့ ကန်သာယာ ရေပြင် Decking ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ကြီး အဘိုး အဘွားများက နှစ်လက်မအောက်ခံ အရွယ်ရှိ ငါးခုံးမကြီးကောင်ရေ တစ်သိန်းကို ကန်သာယာအတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ ဘားအံမြို့ နိုင်ငံပိုင်တက်နေဝင်း အဆင့်မြင့် ရုပ်ရှင်ရုံဖွင့်ပွဲကို နံနက် ၁၀ နာရီခန့်က အဆိုပါ ရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက နိုင်ငံပိုင်တက်နေဝင်း ရုပ်ရှင်ရုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး(ဝဲပုံ) ပြည်နယ်ဝန်ကြီးချုပ်က ရုပ်ရှင်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ နိုင်ငံပိုင် တက်နေဝင်းအဆင့်မြင့် ရုပ်ရှင်ရုံဖွင့်ပွဲအဖြစ် ပြသသည့် "ဝေးမနေချင်ဘူး" ရုပ်ရှင်ဇာတ်ကားအား ကြည့်ရှု အားပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ မုန်တိုင်းဒဏ်ကြောင့် ၁၄ ဦး သေဆုံး

**နယူးဒေလီ ဧပြီ ၁၇**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စီးလျှပ်ခြင်းနှင့် မုန်တိုင်းကျရောက်မှုကြောင့် အနည်းဆုံး ၁၄ ဦး သေဆုံးကာ ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း ဒေသအာဏာပိုင်များက ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

အာသံပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စီးလျှပ်ခြင်းနှင့် မုန်တိုင်းကျရောက်မှုကြောင့် ဧပြီ ၁၆ ရက်က ရှစ်ဦးသေဆုံးခဲ့ရာ ဧပြီ ၁၇ ရက်တွင် ခြောက်ဦးထပ်မံသေဆုံးကြောင်း အာသံပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

အာသံပြည်နယ်၌ အဆိုပါမုန်တိုင်းကြောင့် အိမ်များပျက်စီးခြင်း၊ သစ်ပင်များလဲကျခြင်း၊ ဓာတ်တိုင်များနှင့် လျှပ်စစ်လိုင်းများ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်း လုပ်ဆောင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ကြီးမားစွာထိခိုက်ခဲ့ရကြောင်း သိရသည်။ ပြည်သူများမှာ သဘာဝဘေး ဖြစ်ပွားသည့် ဧရိယာများရှိ အစိုးရရုံးများနှင့် စာသင်ကျောင်းများအတွင်း ခိုလှုံနေထိုင်ရကြောင်း ဒေသတွင်း မီဒီယာများ၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။



အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများတိုက်ခတ်မှုမှာ ကျေးရွာ ၁၀၃၇ ရွာရှိ စုစုပေါင်းပြည်သူ ၄၁၃၅၀ အပေါ် သက်ရောက်မှုရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နောက်ထပ်ငါးရက်အတွင်း မိုးရွာသွန်းမှုနှင့်အတူ မိုးကြိုးပစ်ခြင်း သို့မဟုတ် လျှပ်စီးလျှပ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၃၀၀၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဧပြီ ၁၇**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီ နှင့် နှိုင်းယှဉ်ကြည့်လျှင် ဧပြီ ၁၇ ရက်သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၃၀၀၁ ဦး ထပ်မံတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက် ခံရသူ စုစုပေါင်းမှာ ၁၆၃၀၅၇၅၂ ဦး တိုးလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်အစောပိုင်းက ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၄၄၅၆ ဦးရှိခဲ့ရာမှ ပြီးခဲ့သည့်ရက်က ကိုဗစ်-၁၉ နေ့စဉ် ကူးစက်ခံရသူ ၁၀၇၉၁၆ ဦး လျော့ကျလာကြောင်း ကိုရီးယား ရောဂါ ကာကွယ်ထိန်းချုပ်ရေး အေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ မတ်လလယ်က ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန် မျိုးကွဲ BA.2 ကူးစက်မှု လျင်မြန်စွာ ပျံ့နှံ့လာပြီးနောက် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ပြန်လည်ဖြစ်ပွားလာသည်ဟု ကျန်းမာရေး အာဏာပိုင်များက ယူဆကြသည်။



တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ် ယူနေစဉ်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၁၈ ဦးမှာ ပြည်ပပြန် ကူးစက်ခံရသူများဖြစ်ပြီး စုစုပေါင်း ပြည်ပပြန်ကူးစက်ခံရသူ အရေအတွက်မှာ ၃၁၅၈၅ ဦး ရှိလာပြီဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ရောဂါပြင်းထန်စွာ ခံစားနေရသူ ၈၉၃ ဦးရှိပြီး ပြီးခဲ့သည့်ရက်ကထက် ၂၀ လျော့နည်းသွားကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀၃ ဦးရှိလာသဖြင့် သေဆုံးသူ စုစုပေါင်းမှာ ၂၁၀၉၂ ဦးရှိလာရာ သေဆုံးမှုနှုန်းမှာ ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူမှာ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အပိုဆောင်း ကာကွယ်ဆေး ထိုးနှံပြီးသူ စုစုပေါင်းမှာ ၆၄ ဒသမ ၃ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၄၀၀၀၀ ကျော်ရှိလာ

**ဘန်ဒါဆရီဘီဂါဝန် ဧပြီ ၁၇**

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၇၆ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၄၀၀၂၃ ဦး ရှိလာပြီဖြစ်သည်။

ဘရူနိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၄၀၀၀၀ ကျော်ရှိလာသဖြင့် နိုင်ငံလူဦးရေ ၄၂၀၀၀၀ ရှိရာမှ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ နိုင်ငံလူဦးရေ၏ သုံးပုံ တစ်ပုံခန့် ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပေါ်ခဲ့သည့် မတ် ၃ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၈၈၅ ဦးရှိခဲ့ရာ ကူးစက်မှုအမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ မတ် ၂၄ ရက်မှ စတင်ကာ ကိုဗစ်-၁၉ နေ့စဉ် ကူးစက်မှုနှုန်း ၁၀၀၀ အောက် လျော့နည်းနေသည်မှာ ၂၅ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

ဘရူနိုင်းနိုင်ငံ၌ ဧပြီ ၁၆ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးသူ အရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၆၂ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံ၌ ဖိုက်ဇာ၊ ဘိုင်အိုတက်ခ်၊ မော်ဒါနာ၊ အက်စ်ထရာဇနီကာနှင့် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းစသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၁၄၀၂ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၈၄၀၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၆၆၀ ထပ်မံတွေ့ရှိ

**ဟနွိုင်း ဧပြီ ၁၇**

ဗီယက်နမ်နိုင်ငံ၌ ဧပြီ ၁၆ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၈၁၄ ဦးရှိရာမှ ဧပြီ ၁၇ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၄၆၆၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများမှာ မြို့နယ်နှင့် ပြည်နယ် ၆၀ မှ ကူးစက်မှုများဖြစ်ပြီး အဆိုပါကူးစက်ခံရသူများမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ဧပြီ ၁၇ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများမှာ မြို့တော်ဟနွိုင်းတွင် ၁၂၅၃ ဦး ရှိကြောင်း၊ နိုင်ငံ၏မြောက်ပိုင်း ပြည်နယ်များဖြစ်သည့် ယင်ဘိုင်းပြည်နယ်တွင် ၈၀၁ ဦးနှင့် ကွမ်နင်းပြည်နယ်တွင် ၇၇၈ ဦးတို့ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၀၄၃၂၅၄၇ ဦး ရှိသည့်အနက် သေဆုံးသူ စုစုပေါင်းမှာ ၄၂၉၄၄ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာ ၈၉၃၆၈၄၆ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁၉၂ ဒသမ ၂ သန်း ထိုးနှံပေးမှုအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၀၉ ဒသမ ၅ သန်းခန့် ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို စတုတ္ထလှိုင်းအထိ တွေ့ကြုံခဲ့ရသည်။ ၂၀၂၁ ဧပြီလ လက်ရှိ စတုတ္ထလှိုင်းစတင်သည့် အချိန်မှစကာ ယခု ဧပြီ ၁၇ ရက်အထိ ကိုဗစ်-၁၉ ပြည်တွင်းကူးစက်ခံရသူ ၁၀ ဒသမ ၄ သန်းကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ



ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၃၀၄၂၀၉၇ ဦးရှိလာ

**နယူးဒေလီ ဧပြီ ၁၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၅၀ ထပ်မံတွေ့ရှိရာ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၃၀၄၂၀၉၇ ဦးရှိပြီဖြစ်ကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်သည့်အချက်အလက်အရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ဧပြီ ၁၆ ရက် နံနက်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် စုစုပေါင်းသေဆုံးသူ ၅၂၁၇၅၁ ဦး ရှိပြီဖြစ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၁၉၂ ဦး တိုးလာသောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကုသမှုခံယူပြီး စောင့်ကြည့်နေရသူ ၁၁၅၅၈ ဦး ရှိနေဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၉၅၄ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာကာ ဆေးရုံမှ ဆင်းခွင့်ရသူ အရေအတွက် စုစုပေါင်းမှာ ၄၂၅၀၈၇၈၈ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မေ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၁၇–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၂၈,၅၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၅၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၃၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါ သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆–၅–၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၈,၇၂၉,၃၃၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၃၇၇,၁၅၆) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၂,၃၅၂,၁၇၄) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၁၈၀,၃၁၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၆–၅–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၂,၂၆၁,၈၂၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၇–၅–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈၂) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၃) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၃၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၁၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၉၃) ခု | (၅) ဦး |
| စုစုပေါင်း | (၅,၄၀၇) ခု | (၂၀) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၆–၅–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၃၇၇,၁၅၆) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၂,၃၅၂,၁၇၄) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၁၈၀,၃၁၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၈,၇၂၉,၃၃၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၂,၂၆၁,၈၂၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/ သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- ထို့ကြောင့် ဦးတည်အုပ်စုများတွင် လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံထားရှိရန် လိုအပ်ပါသည်။
- ထို့အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်ခြင်းနှင့် သေဆုံးနိုင်ခြေမြင့်မားခြင်းကြောင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့်ဦးတည် အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့်ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၀ ဒသမ ၅၇ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



# ဝန်ဆောင်မှုကောင်းများဖြင့် ခရီးဦးကြိုပြုနိုင်ကြစေ

**ခင်မောင်(ဟိုတယ်/ခရီး)**

**ပြန်လည်ရှင်သန်ရန်လိုအပ်နေသည့် ခရီးသွားကဏ္ဍ**

မိမိတို့ မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၂၀၂၀ ပြည့်နှစ်မှ စတင်၍ ကူးစက်မြန်အဆုတ်ရောင်ရောဂါ ကိုဗစ်-၁၉ သည် ယနေ့အချိန်အထိ ကူးစက်ပြန့်ပွားလျက်ရှိရာ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ကူးသန်းရောင်းဝယ်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း ထုတ်ကုန်များ၊ ဟိုတယ်များ၊ တည်းခိုခန်းများ၊ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ရပ်တန့်သွားခဲ့ပြီး ခရီးစဉ်ဒေသရှိ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် ဒေသနေပြည်သူများ၏ စားဝတ်နေရေး အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရမှုများ ကြုံတွေ့ခဲ့ရပါသည်။

ကိုဗစ်-၁၉ သည် ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ပျံ့နှံ့လာသည်နှင့်အမျှ နိုင်ငံအစိုးရများက သက်ဆိုင်ရာ နိုင်ငံနယ်နိမိတ်များကို ဖြတ်သန်းသွားလာခွင့် ပိတ်ဆို့ခြင်းဖြင့် ဗိုင်းရပ်စ်ကူးစက်မှုကို လျှော့ချရာတွင် အောင်မြင်ကြောင်း သိရှိလာရ၍ နိုင်ငံဝင်/ ထွက်ဂိတ်များ ပိတ်ဆို့ခြင်းဖြင့် ရောဂါကူးစက်မှု လျှော့ချနိုင်ရေးဆောင်ရွက်နိုင်ခဲ့သော်လည်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းစီးဆင်းမှုကို ထိခိုက်ခဲ့ပြီး ဒေသန္တရစီးပွားရေးလုပ်ငန်းများ၊ ကျောင်းများနှင့် လူစုလူဝေးပွဲများ ကျင်းပသည့်နေရာများကို ပိတ်လိုက်ခြင်းကြောင့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဆိုးရွားသောစီးပွားရေးဆိုင်ရာ သက်ရောက်မှုများရှိခဲ့ပါသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် ပုဂ္ဂလိကလုပ်ငန်းများနှင့် ဒေသခံပြည်သူများအတွက် ဆင့်ပွားအကျိုးသက်ရောက်စေသည်ဖြစ်ရာ ကိုဗစ်-၁၉ ထိန်းချုပ်နေသော ကာလအတွင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် လုပ်ငန်းများ လျင်မြန်စွာ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းများရှာဖွေဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖြင့် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်လည်း အမှန်လိုအပ်လျက်ရှိပါသည်။



ကိုဗစ်-၁၉ ကာကွယ်ရေး Health and Safety Protocol(HSP)ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ထားသည့် ဟိုတယ်တစ်ခု။

**ခရီးသွားတို့ စိတ်ချယုံကြည် ကိုဗစ်ကာကွယ်ဆေး ထိုးကြမည်**

ကမ္ဘာ့နိုင်ငံအသီးသီး ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါအန္တရာယ်မှ ကင်းဝေးစေရန် ရည်သန်၍ နိုင်ငံအသီးသီးအစိုးရတို့က ဗီရိယစိုက်ထုတ် ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုလျက် ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် နည်းပညာများ ရှာဖွေလေ့လာ ဆောင်ရွက်ခြင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ကာကွယ်ရေးဆေးဝါးများ ဝယ်ယူနိုင်ရန် ကြိုးစားခြင်း၊ နိုင်ငံစီးပွားရေးအခြေအနေအရ ဆေးဝါးထောက်ပံ့မှု အကူအညီရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ ရရှိလာသည့် ကာကွယ်ဆေးများဖြင့် ပြည်သူများ ယုံကြည်စွာ ပူးပေါင်းပါဝင် ဆေးထိုးမှုခံယူစေရေး စည်းရုံးဆောင်ရွက်ခြင်း အစရှိသည်ဖြင့် ပြည်သူ့ကျန်းမာရေး စီမံချက်များ၊ ကူးစက်ရောဂါကာကွယ်ရေး မဟာဗျူဟာ နည်းဗျူဟာများ ချမှတ်ကာ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်မှုပြုကြရာ အကျိုးရလဒ်ကောင်းများ ရရှိလာခဲ့ပြီဖြစ်ပါသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံသား ၆၅ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးပြီးဖြစ်ကာ ၎င်းအနက် ၄၄ ရာခိုင်နှုန်းသည် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးမှုခံယူပြီးဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်နိုင်မှုအနေဖြင့် အရည်အသွေးအမြင့်မားဆုံး ပါးစပ်၊ နှာခေါင်းစည်းများရှိခြင်း၊ ဆေးရုံအဆင့် ဆေးကုသမှုပေးနိုင်သောနေရာများရှိခြင်း၊ ကာကွယ်ဆေးရရှိနိုင်မှု၊ ကုထုံးအသစ်များဖြင့် ကုသခြင်းစသည့် စိတ်ချယုံကြည်ရသည့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုမှုများလည်း ပြည့်စုံစွာရှိနေကြောင်း သိရှိရပါသည်။

ဂျော်ဒန်နိုင်ငံတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့မှုတွင် အဆောက်အအုံအတွင်းနှင့် အပြင်တို့၌ လူစုလူဝေးပြုလုပ်ခွင့်ကို ခွင့်ပြုခြင်း၊ အဆောက်အအုံပြင်ပတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ကို ဖယ်ရှားခြင်းတို့ ပြုလုပ်ပေးခဲ့ပြီး ဂျော်ဒန်နိုင်ငံ၌ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးပြီးသူ ၄ ဒသမ ၄ သန်းကျော် ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် လူဦးရေ၏ ၈၇ ဒသမ ၆ ရာခိုင်နှုန်း (၄၄ ဒသမ ၉ သန်းကျော်) ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခဲ့ပြီး အပိုဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်း ၃၂ ဒသမ ၆ သန်းကျော် (နိုင်ငံလူဦးရေ၏ ၆၃ ဒသမ ၆ ရာခိုင်နှုန်း) ရှိကြောင်း ထုတ်ပြန်ထားသည်။

ထို့အတူ ဒေသတွင်းနိုင်ငံဖြစ်သည့် လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံခြားခရီးသွားကဏ္ဍကို အဓိကအားထားမှီခိုနေရသည့် ဒေသများနှင့် ရောဂါကူးစက်မှုမြင့်မားသည့် ဒေသများတွင် ထိုးပေးမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်၌ တိုင်းဒေသကြီး ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများအပြင် ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် မိခင်ကလေးကျန်းမာရေးဌာန ၃၄၈ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၉၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၉၀၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၀၇၇ ခုတို့မှ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးနေပြီး ၂-၄-၂၀၂၂ ရက်နေ့အထိ လူဦးရေ ၂၇ ဒသမ ၀၃ သန်းကျော် ထိုးနှံပြီးဖြစ်ကာ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၅ ဒသမ ၀၉ သန်းကျော်နှင့် ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးသူ ၂၁ ဒသမ ၉ သန်းကျော်၊ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးသူ ၁ ဒသမ ၁ သန်းကျော် ရှိပြီးဖြစ်၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၅၀ ဒသမ ၀၇ သန်းကျော် ထိုးနှံပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ ထို့ပြင် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ထုတ်လုပ်နိုင်ခဲ့ပြီး ဆေးပုလင်းတစ်လုံးလျှင် လူငါးဦး (5 Doses) ထိုးနှံနိုင်သည့် ကာကွယ်ဆေးများကို လစဉ် ကာကွယ်ဆေး Doses တစ်သန်းနှုန်းဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကာကွယ်ဆေး Doses ၁၀ သန်း ထုတ်လုပ်မည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိစေရေး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးနေမှုကို မှတ်သားသိရှိရပါသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ဆောင်မှုလုပ်ငန်းခုနစ်မျိုးတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် အလုပ်ရှင်၊ လုပ်သား ၂၇၃၇၄၅ ဦးအား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်၍ ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးလျက်ရှိပါသည်။

**ကြိုတင်ပြင်ဆင် ဝန်ဆောင်မှုတွင်**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးဦးမော့လာစေရန် ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်အား နိုင်ငံတော်မှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ Economic Relief Plan (CERP) နှင့်အညီ ကိုဗစ်-၁၉ အလွန်ကာလတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို ပြန်လည်မြှင့်တင်ပေးနိုင်ရန်၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုပေးနိုင်သော ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား ကိုဗစ်-၁၉ Safe Services အသိအမှတ်ပြုတံဆိပ်များ စနစ်တကျ သတ်မှတ်ပေးအပ်နိုင်ရန်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံသော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ရေးဆွဲထားရှိပြီး ကိုဗစ်-၁၉ Safe Service Master Trainer and Inspector ဆရာဖြစ် သင်တန်းနှင့် စစ်ဆေးရေးမှူးသင်တန်းများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန - မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ

*စာမျက်နှာ ၁၈ သို့*

**နိုင်ငံအသီးသီးအစိုးရတို့က ဗီရိယစိုက်ထုတ် ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုလျက် ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် နည်းပညာများ ရှာဖွေလေ့လာ ဆောင်ရွက်ခြင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ကာကွယ်ရေးဆေးဝါးများ ဝယ်ယူနိုင်ရန် ကြိုးစားခြင်း၊ နိုင်ငံစီးပွားရေးအခြေအနေအရ ဆေးဝါးထောက်ပံ့မှု အကူအညီရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ ရရှိလာသည့် ကာကွယ်ဆေးများဖြင့် ပြည်သူများ ယုံကြည်စွာ ပူးပေါင်းပါဝင် ဆေးထိုးမှုခံယူစေရေး စည်းရုံးဆောင်ရွက်ခြင်း အစရှိသည်ဖြင့် ပြည်သူ့ကျန်းမာရေး စီမံချက်များ၊ ကူးစက်ရောဂါကာကွယ်ရေး မဟာဗျူဟာ နည်းဗျူဟာများ ချမှတ်ကာ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်မှုပြုကြရာ အကျိုးရလဒ်ကောင်းများ ရရှိလာခဲ့ပြီဖြစ်ပါသည်**

# စိတ်သစ် နှလုံးသားသစ် အသိဉာဏ်သစ်နဲ့ ဘဝသစ်ဆီသို့

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

- သဘာဝတရားကြီးက ပေးလိုက်တဲ့ လက်ဆောင်တွေထဲမှာ လူဟာ အကောင်းဆုံးလက်ဆောင်။ ဉာဏ်ရည် အမြင့်ဆုံး၊ အသိဉာဏ်နဲ့ နှလုံးသားမှာ အမြင့်ဆုံး၊ မိမိစွမ်းအားမှန်သမျှ ထုတ်သုံးနိုင်တယ်။
- ယနေ့ ကမ္ဘာ့ဒေသအချို့မှာ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးအားပြိုင်မှု၊ စစ်ဘေး ကြုံကြိုက်မှု၊ အကြမ်းဖက်မှုများဟာ ထိန်းရခက်အောင် ကျယ်ပြန့်နေပါတယ်။
- ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဖြဟ္မစိုရ်တရားများဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေ ထွန်းကားပွားများရင် စိတ်မှာတည်ငြိမ်အေးချမ်းစေတာ အမှန်ဖြစ်တယ်။
- မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယတို့ဆိုတဲ့ မကောင်းတဲ့အကုသိုလ်စိတ် အညစ်အကြေးတွေကို ဘာဝနာနဲ့ဆေးကြောနိုင်လေ၊ စိတ်ချမ်းသာမှုရရှိကြလိမ့်မယ်ဆိုတဲ့ ဒီဆောင်းပါးနဲ့ နှစ်သစ်ကို ကြိုဆိုလိုက်ပါတယ်။

တစ်ခါက ဒုက္ခတွေကြုံ၊ စိတ်ပျက်လက်ပျက်၊ စိတ်ဓာတ်ကျဆင်းနေသူ၊ ကမ္ဘာကြီးကိုပင် မကျေမနပ် ဖြစ်နေသူတစ်ဦးဟာ ဘုရားသခင်ရှေ့မှောက် ရောက်လာပြီး ...

"အိုဘုရားသခင် ပစ္စက္ခ ဒုက္ခအပေါင်းကို ကြည့်လိုက်ပါဦး၊ စိန်ခေါ်မှုဒုက္ခတွေနဲ့ ဝေနေပါတယ်။ ကမ္ဘာကြီးဟာ တရားမျှတမှုမရှိ၊ အကြမ်းဖက်လူထု အုံကြွမှု၊ ဒေါသအမျက်ချောင်းချောင်းထွက်နေမှုများဟာ ထိန်းရခက်လောက်အောင် ကျယ်ပြန့်နေပါတယ်။ ဒေါသတွေထွက် စိတ်တွေချောက်ချားနေကြပါတယ်၊ ဘာကြောင့် အကူအညီတွေ မစေလွှတ်တာလဲဘုရား" ဆိုပြီး ညည်းလိုက်ပါတယ်။

ဘုရားသခင်က "ငါကိုယ်တော် အကူအညီတွေ စေလွှတ်ထားပါတယ်။ မင်းကိုလည်း စေလွှတ်ထားတယ်လေ" ဆိုပြီး ပြန်ဖြေခဲ့တဲ့ ဒီပုံပြင်ရဲ့ သင်ခန်းစာက ကျွန်တော်တို့တွေဟာ ပျက်စီးနေတဲ့ ကမ္ဘာကိုပြင်ဖို့ ဒီမိုး၊ ဒီရေ၊ ဒီမြေနဲ့ ဒီကောင်းကင်ကြီးရဲ့အောက်မှာ ရေစက်ဆုံကြတာ။ ဒုက္ခအပေါင်းက ကယ်တင်ကြဖို့၊ ရေလွှမ်းရေကြီးတဲ့ဒေသ ရေမကြီးအောင်၊ ခြောက်သွေ့တဲ့နေရာ ရေရောက်အောင်၊ တောမီးတွေလောင်ရင် မလောင်ရအောင်၊ ကပ်ကြီးတွေဆိုက် ဒုက္ခအပေါင်းက ကျော်လွှားဖို့ကိစ္စဟာ တစ်ရက်တာ တစ်နှစ်တာအလုပ် မဟုတ်၊ တစ်သက်တာလုံး လုပ်ကြရမယ့်ကိစ္စ၊ တစ်ဦးတစ်ယောက်ကောင်း မဟုတ်၊ လူအပေါင်း စုပေါင်းလုပ်ကြရမယ့် အလုပ်တွေ မဟုတ်ဘူးလား။ ကြီးသည်ငယ်သည်၊ ဆင်းရဲသည် ချမ်းသာသည်မဟုတ် လောကကြီးမှာ တစ်ခုမဟုတ် တစ်ခုသော ဒုက္ခနဲ့ လူသားတွေဟာ ကြုံတွေ့ကြရလိမ့်မယ်။ ဒါဟာ ဓမ္မတာပဲ ဖြစ်တယ်။

"လူတို့ရဲ့စိတ်ဟာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြည့်ကျပ်နေတဲ့အတွက် ဒုက္ခပင်လယ်ထဲမှာ တဝဲလည်လည်ဖြစ်နေကြရတယ်" လို့ ဗုဒ္ဓက အလင်းပြခဲ့ပါတယ်။ "ဗုဒ္ဓရဲ့ တရားတော်များဟာ ငြိမ်းချမ်းဖွယ် ဖြစ်တယ်။ ဗုဒ္ဓက သူဟာ အမှောင်ထုထဲ ကျရောက်နေပြီလို့ လူတို့ကို အသိပေးပြောကြားခဲ့တယ်။ အမှောင်ထုမှ အလင်းဆီသို့ ရောက်မယ့်လမ်းရှိတယ်" လို့လည်း ဟောခဲ့တယ်။ ဗုဒ္ဓက ကျွန်တော်တို့ကို မြင့်မြတ်တဲ့ဘဝသို့ တက်လှမ်းစေချင်တယ်။ အဲဒီဘဝမှာ လူတွေဟာ အမုန်းတရားကင်းပြီး ချစ်ခင်ကြတယ်။ တစ်ဦးကိုတစ်ဦး ကူညီကြတယ်။ နာကျင်အောင် နာကြည်းအောင် မလုပ်ကြဘူး။ ဒါကို ခင်ဗျား လုပ်ကိုလုပ်ရလိမ့်မယ်" လို့ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းပြီး ကင်းဗရစ်တက္ကသိုလ်က ကထိက Juan Mascaro က မှတ်ချက်ပြုတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ တစ်ဦးတစ်ယောက်စီဟာ စိတ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေပွားရင် ကမ္ဘာကြီးကိုပင် တည်ငြိမ်အေးချမ်းစေပါတယ်။

**ဗုဒ္ဓရဲ့ တရားတော်များ**

ဘဝဟာ မဖြစ်ချင်တာတွေဖြစ်တယ်။ ဖြစ်ချင်တာတွေဟာ ဖြစ်မလာတတ်ဘူး။ ဒုက္ခ၊ သုခတွေ ရှိကြမယ်ဆိုတာ အမှန်ပင်။ လူဟာ မွေးဖွားချိန်က စလို့လောကထဲရောက်တာနဲ့ ဝေဒနာတွေ ခံစား စံစားဖို့ပဲ။ သို့တစေ ဘဝပတ်ဝန်းကျင်က အကြောင်းခြင်းရာတို့ဟာ လူကိုဖိစီးတာမဟုတ်၊ သင်က ဘယ်လိုဘယ်ပုံ ဘယ်နည်းတွေနဲ့ သယ်ဆောင်တယ်၊ ရွေ့လျားနေတယ်ဆိုတဲ့အပေါ်မှာ မူတည်တတ်ပါတယ်။ နေ့စဉ်နေ့တိုင်း မနက်ခင်း အိပ်ရာက ထတာနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌိတို့ကို သယ်ဆောင်မိပြီဆိုရင် သင့်ရဲ့ တစ်နေ့တာဘဝက သင့်ကို လေးလံစွာဖိစီးနေပါလိမ့်မယ်။ ဒါသည်ပင် ပြဿနာအပေါင်းရဲ့ဇာစ်မြစ်ဖြစ်တယ်။ ကျွန်တော်တို့တစ်တွေဟာ အခုလိုဆုံတွေ့ရတဲ့ဘဝကို ချစ်မြတ်နိုးကြရပါမယ်။ တစ်ခုတည်းသော ကောင်းကင်အောက်မှာနေ၊ လေကိုရှူရင်း ဘုရားဖူးသွားတဲ့ ခရီးသည်တွေပဲ။ သို့သော် အချို့သော သူများဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဖြဟ္မစိုရ်တရားကို ကျင့်သုံးကြလို့ ပို၍ ချောမွေ့သာယာဝပြောတဲ့ လမ်းပြမြေပုံကို ကြည့်ပြီး သွားနိုင်ကြပါတယ်။

**ဗဟုသုတ(Knowledge)နဲ့ အသိဉာဏ် (Wisdom)ကို ကွဲကွဲပြားပြား သိရှိနားလည်ဖို့ ကျွန်တော်တို့ ရှေးရှုလာကြတယ်။ မြတ်ဗုဒ္ဓက ဓမ္မစကြာသုတ်ထဲမှာ အသိဉာဏ်ကို ဝိဇ္ဇာ၊ ပညာ၊ ဉာဏ်ဆိုပြီး ဖွင့်ဆိုကာ အားလုံးသုံးထားတယ်။ အင်္ဂလိပ်စကား Knowledge က ဗဟုသုတ၊ ပညာ၊ အသိဉာဏ်က အကျိုးရှိမရှိ ဆုံးဖြတ်တဲ့ဉာဏ်လို့ အဓိပ္ပာယ်ဖော်ပါတယ်။ ဉာဏ်ဆိုတာ အကြောင်းအကျိုး သိနိုင်တယ်။ အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်တယ်။ ရှေ့နောက်ဆင်ခြင်နိုင်တဲ့ အမြော်အမြင်ရှိစေတယ်။**

ယနေ့ကမ္ဘာတစ်လွှားမှာ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး အားပြိုင်ခြင်းတွေဟာ လောဘ၊ ဒေါသနှင့် မောဟတွေမှာ မြစ်ဖျားခံပါတယ်။ စိတ်မှာ ပြင်းထန်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ ပုထုဇဉ် လူသားတို့အား ဒုက္ခပေးတတ်တာမို့ တော်ရုံတန်ရုံပဲ ကောင်းပါတယ်။ သာမန်လူပုဂ္ဂိုလ်များအနေနဲ့ နိစ္စဓူဝ ကိစ္စတွေကို ပုံမှန်လည်ပတ်နေနိုင်ပြီဆိုရင် စိတ်ချမ်းသာ ပျော်ရွှင်စရာ ကောင်းပြီဖြစ်ပါတယ်။

**ဘဒ္ဒကမ္ဘာမှာ ဂေါတမမြတ်စွာဘုရားဟာ ဘီစီ ၅၆၃ မှာ သစ္စာလေးပါးကို ဆရာ မကူ တွေ့ရှိတော်မူခဲ့ပါတယ်။ ဒုက္ခအပေါင်းမှကင်းဝေးရာမှာ မဂ္ဂင်ရှစ်ပါးနည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ သံသရာက လွတ်ကင်းစေတဲ့ တရားဓမ္မဖြစ်ပါတယ်။ နောက်ဆုံးဘီစီ ဒီဇင်ဘာ ၂၅ မှာ ယေရှုခရစ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀၀ လောက်က မိုဟာမက်ဆိုတဲ့ ဘာသာရေး ပုဂ္ဂိုလ်ထူးတွေဟာ လူသားတို့ ကောင်းကျိုးအတွက်၊ တရားဓမ္မတွေနဲ့ ကိုယ်ကျင့်တရားတွေကို ပြခဲ့ကြတယ်။ ဒီဘာသာတရားကြီး သုံးခုဟာ လူသားတို့ ကိုးကွယ်ယုံကြည်ရာ ဖြစ်ခဲ့ပါတယ်။ သဘာဝကြီးကပေါ်လာတဲ့ လူသားကို ထပ်ဆင့်ပြီး စိတ်ပိုင်းဝိညာဉ်ပိုင်းတွေထိ သိမြင်ခံစားလာတဲ့ကိစ္စဟာ အလွန်တရာမှ အံ့သြစရာကောင်းတဲ့ လက်ဆောင်လို့ ဆိုရလောက်အောင် လူ့ယဉ်ကျေးမှုကြီးပေါ်ခဲ့ပါတယ်။ စိတ်မှာပေါ်ပေါက်လာသမျှ ဆန္ဒတွေ မလွန်ကဲအောင် ထိန်းရာမှာ ကိုးကွယ်ကြတဲ့ ဘာသာတရား အသီးသီးဟာ ကိုယ့်ကျင့်တရားရဲ့ အရေးကြီးပုံကို နှစ်ပရိစ္ဆေဒများစွာကတည်းက သွန်သင်နေတာဖြစ်တယ်။ လူ့ယဉ်ကျေးမှုကြီး မယိမ်းမယိုင် မပြိုလဲအောင် လူတို့ ကိုးကွယ်ရာ ဘာသာတရားကြီးနဲ့ပဲ လူရဲ့ခရီးရှည်ကြီးကို လမ်းပြသွားကြရပါမယ်။**

လူ့ဘဝဟာ တစ်နေ့ပြီးတစ်နေ့ ပုံမှန်၊ သာမန် ကုန်ဆုံးသွားတာချည်း သက်သက်မဟုတ်ဘဲ အဓိပ္ပာယ်အပြည့်၊ ကြိုးပမ်းအားထုတ်မှုအပြည့်နဲ့ ကုန်ဆုံးတယ်လို့ မြင်လိုက်ပါ၊ စိတ်ချမ်းသာလိမ့်မယ်။ လူ့ဘဝမှာ ပျော်ပျော်ရွှင်ရွှင် နေတတ်သူများဟာ မဇ္ဈိမပဋိပဒါ အစွန်းတရားကင်းတဲ့သူတွေဖြစ်တယ်။ အခက်အခဲ ပြဿနာတွေ ကြုံလာတဲ့အခါမှာပင် စိတ်အေးလက်အေးထား၊ အလုပ်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ထမ်းရွက်ခြင်းဖြင့် လူ့ဘဝကို တည်ထောင်ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ ခက်သားဗျာ၊ ဘုရားသွားပြီး ဆီမီး ပန်း ရေချမ်းလောက် ပူဇော်တယ်။ တောင်းတဲ့ဆုက ဇောတိက၊ ဇဋိလ သူဌေးလောင်း ဖြစ်နေတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းတာမျိုး မဖြစ်ပါစေနဲ့၊ အကောင်းဆုံးလုပ်ပါ၊ မမျှော်လင့်ပါနဲ့။ ကျွန်တော်တို့ဘဝရဲ့ အကောင်းအဆိုး အကြောင်းအကျိုးတွေဟာ ကိုယ်တိုင်ဖန်တီးခဲ့တယ်ဆိုတာ အကြွင်းမဲ့ယုံကြည်လိုက်ပါ။ ဒီလိုပဲ မနက်ဖြန်မှာ ကြုံတွေ့ရမယ့် ကောင်းကျိုးဆိုးပြစ်တွေဟာ ဒီနေ့လုပ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေကြောင့်ဆိုတာ မိတ်ဆွေယုံကြည်လိုက်ပါ။ ကိုယ်လုပ်တဲ့ အကောင်းအဆိုး အကြောင်းအကျိုး အားလုံးကို ကိုယ်တိုင်ခံစားရမှာ သေချာပါတယ်။

**အကောင်းဆုံးလက်ဆောင်**

နေအဝန်းအဝိုင်းထဲက ဒီကမ္ဘာဂြိုဟ်ကို စေ့စေ့လေ့လာကြည့်ရင် သဘာဝတရားကြီးက ပေးလိုက်တဲ့ လက်ဆောင်တွေထဲမှာ လူဟာ အကောင်းဆုံးလက်ဆောင်ဖြစ်နေတာကို တွေ့ရပါမယ်။

> နှုတ်အားဖြင့် စကားပြောနိုင်ခြင်း၊စာပေကျမ်းဂန်အားဖြင့်၊ ဝိညာဉ်ပိုင်း၊ စိတ်ပိုင်း အတွေးအခေါ် အယူအဆ၊ သီအိုရီတို့ကို ဖော်ထုတ်နိုင်ခြင်း၊
>
> အဏုမြူတမျှသေးလှတဲ့၊ လူ့မျက်စိနဲ့မြင်နိုင်စွမ်းမရှိတဲ့ အက်တမ်ကိုပင် မြင်ရသကဲ့သို့ ပုံဖော်နိုင်ခြင်း၊
>
> ကိုယ်နဲ့စိတ်ပါပြီး လကမ္ဘာကို ဆင်းနိုင်ခြင်း၊ ကိုယ်ခန္ဓာမပါဘဲ စကြဝဠာထိ စိတ်ဖြင့် ခေါက်တုံ့ခေါက်ပြန် သွားနိုင်ခြင်းဟာ လူဖြစ်ပါတယ်။တီထွင်ဖန်တီးမှုတွေကြောင့် ယဉ်ကျေးမှုကြီး ထွန်းကားခဲ့ပါတယ်။

**အမုန်းတရားတွေကို မေတ္တာနဲ့**

"ကျွန်တော်တို့ဟာ ဗုဒ္ဓရဲ့တရားတော် အခြေခံကျလှတဲ့တရားအရ မုန်းတီးမှုနဲ့ အကြမ်းဖက်မှုကို ရှောင်ရှားဖို့ စိတ်ကူးနိုင်မှ၊ စဉ်းစားနိုင်မှ ပြဿနာရဲ့ အဖြေဆီသို့ နီးကပ်စွာ ရောက်နိုင်ပါလိမ့်မယ်။

> အမုန်းတရားတွေကို မေတ္တာနဲ့၊ ကြမ်းတမ်းခက်ထန်တာတွေကို ငြိမ်းချမ်းရေးနဲ့၊ ထိပ်တိုက်ရင်ဆိုင်မှုတွေကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုတွေနဲ့ အစားထိုးကြရပါလိမ့်မယ်"

လို့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဂျဝါဟာလ်နေရူး (Jawaharlal Nehru) က ဗုဒ္ဓတရားတော်ကို အခြေပြုပြီး အကြံပြုချက်ဟာ လွန်စွာမှ တန်ဖိုးကြီးလှပါတယ်။

> လူမှာ အဆိုးဆုံးတရားများဖြစ်တဲ့-
> လောဘ ... လိုချင်တပ်မက်ခြင်း၊
> ဒေါသ ... ခက်ထန်ခြင်း၊
> မောဟ ... မသိခြင်း၊
> မာန ... ထောင်လွှားခြင်း၊
> ဣဿာ ... မနာလိုခြင်း၊
> မစ္ဆရိယ ... ဝန်တိုခြင်း၊
> ဒိဋ္ဌိ ... မှားယွင်းစွာနားလည်ခြင်းတို့ကို

နည်းနိုင်သမျှ နည်းအောင်၊ ကင်းစင်အောင်အထိ စိတ်ပိုင်း၊ အသိဉာဏ်ပိုင်းဆိုင်ရာတို့ကို မြင့်မားအောင် အားထုတ်ကြရပေလိမ့်မယ်။ စိတ်ဟာ ဒါတွေနဲ့ ညစ်ညမ်းလာပြီဆိုရင် မကြည်မလင်ဖြစ်လာတတ်တာမို့ မနောကံမှုမှာ၊ အမှန်နဲ့အမှားများဖို့သာ ဖြစ်ပေလိမ့်မယ်။

မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယတို့ဆိုတဲ့ မကောင်းတဲ့ အကုသိုလ်စိတ်၊ အညစ်အကြေးတွေကို၊ ဘာဝနာနဲ့ ဆေးကြောနိုင်ရင်၊ စိတ်ချမ်းသာမှုရရှိကြလိမ့်မယ်။ ကုသိုလ်စိတ်ဖြစ်အောင်၊ ဘာဝနာပွားကြရလိမ့်မယ်။ မကောင်းမှုအကုသိုလ်စိတ်တွေကို လျော့ပါးသွားအောင် လုပ်ဆောင်ရာမှာ အချိန်ပေးကြရလိမ့်မယ်။ တိုတောင်းလှတဲ့ ဘဝမှာပင် စိတ်ကောင်း စိတ်မြတ်၊ သီလသမာဓိ၊ ဝီရိယ၊ ပညာ၊ သတိတို့နဲ့ သွားကြရမယ့် ခရီးဖြစ်တယ်။ ကောင်း၏ မကောင်း၏၊ အကြောင်းနှင့်အကျိုး ဆက်စပ်၏ မဆက်စပ်၏ စသည်တို့ကို ဂဃနဏ သိမြင်နိုင်တဲ့ အသိဉာဏ်ဟာ မြင့်ဖို့လိုအပ်မှာဖြစ်ပါတယ်။ အသိဉာဏ်ဟာ ပျားသကာလို ချိုတာမို့ များစွာလိုအပ်ပါတယ်။ အသိဉာဏ်မြင့်အောင် လုပ်နိုင်ကြမှ စိတ်ရောကိုယ်ရော ချမ်းသာမယ်။ စိတ်ပျော်ရွှင်မှု၊ တည်ငြိမ်အေးချမ်းမှုရကြမှာ ဖြစ်ပါတယ်။

**ဗဟုသုတနဲ့ အသိဉာဏ်**

သညာ (ဗဟုသုတ)ကို ဉာဏ်လို့ မှားယွင်းစွာ ထင်နေကြတယ်။ ကြွယ်ဝချမ်းသာခြင်းနဲ့ အာဏာရှိတာကို အောင်မြင်တယ်လို့ သတ်မှတ်တယ်။ ရုပ်ရှင်သရုပ်ဆောင်တွေ၊ အားကစားသမားတွေနဲ့ ဂီတပညာရှင်တွေကို မိဘများ၊ ရဲအရာရှိများနဲ့ ဆရာများထက်ပို၍ ဂုဏ်ပြုကြတယ်။ မိဘများ၊ ရဲအရာရှိများနဲ့ ဆရာ ဆရာမများဟာ သရုပ်ဆောင်တွေ၊ အဆိုတော်တွေ၊ ဂီတပညာရှင်တွေလောက် ဝင်ငွေကောင်းပြီး ကျော်ကြားချင်မှ ကျော်ကြားပေလိမ့်မယ်။ ဒါပေမယ့် သူတို့ရဲ့တာဝန်နဲ့ ဝတ္တရားများဟာ မြင့်မြတ်ကြီးမားတယ်ဆိုတာ မမြင်နိုင်တာခက်တယ်။

ဗဟုသုတ (Knowledge) နဲ့ အသိဉာဏ် (Wisdom) ကို ကွဲကွဲပြားပြား သိရှိနားလည်ဖို့ ကျွန်တော်တို့ ရှေးရှုလာကြတယ်။ မြတ်ဗုဒ္ဓက ဓမ္မစကြာသုတ်ထဲမှာ အသိဉာဏ်ကို ဝိဇ္ဇာ၊ ပညာ၊ ဉာဏ်ဆိုပြီး ဖွင့်ဆိုကာ အားလုံးသုံးထားတယ်။

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၆ မှ*

အဖွဲ့အစည်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဟိုတယ်၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များမှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များ၊ ပြည်တွင်းသယ်ယူပို့ဆောင်ရေးယာဉ်ဝန်ထမ်းများ၊ ခရီးစဉ်ဒေသများတွင် လုပ်ငန်းလုပ်ကိုင်နေသူများအား ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းပို့ချပေးခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဟိုတယ်လုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ လုပ်ငန်းအသီးသီးအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health and Safety ဆိုင်ရာလမ်းညွှန်ချက်၊ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက “Enchanting Myanmar Health and Safety Protocol” အသိအမှတ်ပြု လက်မှတ်နှင့် တံဆိပ်များပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ပေးအပ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ Health and Safety Protocol (HSP) ဆိုင်ရာ လမ်းညွှန်ချက်များနှင့်ကိုက်ညီပါက(Regional Level)၊ ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားအဆင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီပါက (National Level) နှင့် World Tourism Organization (WTO), World Travel & Tourism Council (WTTC) သတ်မှတ်ချက်များနှင့်ကိုက်ညီပါက နိုင်ငံတကာအဆင့် (International Level)များအဖြစ် သတ်မှတ်ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဟိုတယ် ၂၂၈၈ လုံးအနက် Regional Level နှင့် ကိုက်ညီသည့် ဟိုတယ် ၁၃၃၈ လုံးကို Regional Level အသိအမှတ်ပြု လက်မှတ်များ၊ National Level အသိအမှတ်ပြု လျှောက်ထားလာသည့် ဟိုတယ်နှင့် တည်းခိုရိပ်သာ အလုံး ၈၀ အနက် ၅၁ လုံးကို National အဆင့် ယာယီအသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။

မကြာမီကာလတွင် နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များ ဖွင့်လှစ်ရေးစီမံဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းများအနေဖြင့် ကြိုတင်ပြင်ဆင်ကြရမည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများ၊ Quarantine Hotel များအနေဖြင့် အမျိုးသားအဆင့် HSP အသိအမှတ်ပြုလက်မှတ်များ ကြိုတင်ပြင်ဆင်လျှောက်ထားရယူရန် လိုအပ်ပါသည်။ Health and Safety Protocol လုပ်ထုံးလုပ်နည်းများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိပြီး ဖြစ်သည့်အပြင် www.hsptourism.gov.mm တွင်လည်း ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

**ပူးပေါင်းပြင်ဆင် ဖွံ့ဖြိုးစေချင်**

ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနေထိုင်နိုင်သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ ခရီးသွားကုမ္ပဏီများ၊ ခရီးစဉ်ဒေသများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်ချက်ကောင်းဖြင့် “ Enchanting Myanmar Health and Safety Protocol (HSP) Certificate” ခွင့်ပြုထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးမှုသည် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဒေသခံပြည်သူများအတွက် ဆင့်ပွားအကျိုးသက်ရောက်မှု (Multiplier Effect) ဖြစ်စေသည့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖြင့် ပြန်လည်ဖွံ့ဖြိုးလာစေခြင်း၊ ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိစေခြင်း၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား ခရီးသွားလုပ်ငန်းဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် စေတနာမှန်ဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများ ဖြစ်ပေရာ “HSP Certificate” ရယူနိုင်ရေး ကြိုးပမ်းပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ချယုံကြည်ရပြီး မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသည့် လုပ်ငန်းရှင်၊ လုပ်သားများက အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အကြံပြုတင်ပြအပ်ပါသည်။ ။

---

*စာမျက်နှာ ၁၇ မှ*

အင်္ဂလိပ်စကား Knowledge က ဗဟုသုတ၊ ပညာ၊ အသိဉာဏ်က အကျိုးရှိမရှိ ဆုံးဖြတ်တဲ့ဉာဏ်လို့ အဓိပ္ပာယ်ဖော်ပါတယ်။ ဉာဏ်ဆိုတာ အကြောင်းအကျိုး သိနိုင်တယ်။ အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်တယ်။ ရှေ့နောက်ဆင်ခြင်နိုင်တဲ့ အမြော်အမြင်ရှိစေတယ်။

ဗဟုသုတက သင့်ကို ဖွံ့ဖြိုးတိုးတက်စေပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ချမ်းသာစေတယ်။ ထို့အတူ လူ့လောကကြီး ပျက်စီးရာ ပျက်စီးကြောင်းလည်း အညီအမျှဖြစ်စေနိုင်ပါတယ်။

ဗဟုသုတများခြင်းဟာ သင့်ကိုကောင်းမယ့် သဘောဆောင်သော သတ္တိ၊ ရက်ရက်ရောရော ပေးကမ်းလှူဒါန်းမှုနဲ့ ဖွဲ့နပဲကို အမြဲတစေဖြစ်စေသည်မဟုတ်၊ ထူးဆန်းသည်မှာ ..... ဗဟုသုတ (Knowledge) က အမြော်အမြင်ကို ထုတ်ပေးချင်မှ ထုတ်ပေးလိမ့်မည်။ အမြော်အမြင်ဆိုသည်မှာ ကျွန်တော်တို့ အတူတကွ လက်တွဲညီညာ စည်းစည်းလုံးလုံး ဖွံ့ဖြိုးဖို့၊ အေးအတူပူအမျှ အတူတကွ လူ့လောကကို ဖြတ်သန်းကြတဲ့ အခါ အငြိုးအတေး၊ ရန်ငြိုးကင်းဖို့၊ စစ်မက်ကင်းဖို့၊ ဘေးဒုက္ခတွေနဲ့ မကြုံကြိုက်ဖို့ ကြိုတင်တွက်ဆနိုင်တဲ့ အသိဉာဏ်ဟာ အလိုအပ်ဆုံးပဲ။ ဗဟုသုတချည်း မလုံလောက်ဘူးဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ပညာဗဟုသုတကို လူသားကောင်းကျိုးအတွက် လွှာ၍ သုံးတတ်ဖို့ လိုတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

**ပညာခေတ်မှာ နိုင်ငံရဲ့ မျှော်မှန်းချက်**

ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်မှာ နိုင်ငံအင်အားတောင့်တင်းဖို့၊ အလယ်အလတ်တန်းစား ဝင်ငွေထက်မြင့်တဲ့ နိုင်ငံဖြစ်ဖို့ ပြည်သူတို့ဟာ တက္ကသိုလ်၊ ကောလိပ်တွေနဲ့ နိုင်ငံရဲ့အရင်းအမြစ်များအဖြစ် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ခံယူရပါလိမ့်မယ်။

ပညာရေးက Knowledge Age ကို ပညာခေတ်လို့ ဘာသာပြန်ဆိုပါတယ်။ ပညာခေတ်မှာ ဘာသာရပ်များက ပေးတဲ့ဗဟုသုတ (Knowledge)၊ ကျွမ်းကျင်မှု (Skills) တို့ကို ကလေးတွေရဲ့ ဦးနှောက်ထဲ မချိမဆံ့ထည့်သွင်းဖို့မဟုတ်။ ကိုယ်တိုင်လိုချင်စိတ်နဲ့သင်ယူကြမှဖြစ်တယ်။

ပတ်ဝန်းကျင်က စိတ်ဝင်စားစရာတွေနဲ့ အံ့ဖွယ်တွေကိုသိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာအခက်အခဲကို ဖြေရှင်းလိုစိတ်၊ ကိုယ်တိုင်ပညာလိုချင်တဲ့ စိတ်ရှိအောင်၊ ဆရာအပေါင်းက လုပ်ပေးကြရမယ်။

တပည့်အပေါင်းရဲ့လောကကို အလှဆင်ပေး၊ သောကကို ဖြေပေးကြရမယ်၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် ဆရာအပေါင်းက လမ်းညွှန်ပြသဖန်တီးပေးကြရမှာဖြစ်ပါတယ်။

၂၁ ရာစုနှစ်ဟာ ယှဉ်ပြိုင်ရတဲ့ရာစု၊ ယှဉ်ပြိုင်နိုင်တဲ့ စွမ်းပကားကိုဘယ်မှာရနိုင်သလဲဆိုရင် ပညာရေးမှာဖြစ်တယ်။ပညာရေးရဲ့ဗဟိုချက်မဟာ ကျောင်းသူကျောင်းသားလူငယ်လူရွယ်တွေ ဖြစ်တယ်။ ပြည်သူတွေကလည်း မျှော်လင့်ချက်ကြီးမားစွာနဲ့ ကျောင်းကိုပို့၊ တက္ကသိုလ်ကို ပို့ကြတာဖြစ်တယ်။ တက္ကသိုလ်ကောလိပ်တွေက မျိုးဆက်သစ်လူငယ်ထုရဲ့ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးမှု၊ ကျွမ်းကျင်မှုနဲ့ သူတို့ရဲ့ အနာဂတ်မျှော်မှန်းချက်တွေ၊ နိုင်ငံရဲ့ မျှော်မှန်းချက်တွေကို ပြည့်မီအောင် အဓိက အခန်းကဏ္ဍက တာဝန်ယူနေသူဟာ ဆရာများနဲ့ ပါမောက္ခများ ဖြစ်တယ်။

တက္ကသိုလ်ကောလိပ် ပါမောက္ခ၊ ဌာနမှူးကြီးများရဲ့ တာဝန်တွေက သင်ကြားရေး၊ သုတေသနနဲ့ ထပ်ဆင့်တီထွင်မှုတွေကို ပို၍ ဦးစားပေးလုပ်လာကြရတယ်။ မျိုးဆက်သစ်လူငယ်များအပေါ်မှာ ထားတဲ့စေတနာဟာ အလုပ်တစ်ခုခု ရရှိသွားစေဖို့လောက် မျှော်မှန်းချက်မဟုတ်၊ သူတို့ကို စီးပွားရေးဖွံ့ဖြိုးဖို့၊ လူမှုဘဝသာယာဝပြောဖို့၊ နည်းပညာမြင့်မားရေးနဲ့ဝန်ဆောင်မှုကိုမြှင့်တင်ပေးရေး၊ ဒေသအသီးသီးရဲ့ ပလက်ဖောင်းသစ်ပေါ်သို့ တင်ပို့ပေးရေး ဖြစ်တယ်။

ဒီလို ထုထောင်ခြင်းအားဖြင့် အစိုးရ ပုဂ္ဂလိက လုပ်ငန်းတွေ ထူထောင်နိုင်ဖို့ တက္ကသိုလ်တည်ရှိရာ ဒေသ၊ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ်လိုအပ်တဲ့ လူသားကျွမ်းကျင်မှု အရည်အသွေးတွေကို မွေးထုတ်ပေးကြရမှာဖြစ်တယ်။ တကယ့်ကိုမြင့်မြင့်မားမား ပညာတတ်မှု၊ ကျွမ်းကျင်မှု၊ ဖန်တီးမှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်များကသာ ဆက်လက်ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားဖြစ်ထွန်းမှု၊ လူ့ဘောင်ရဲ့ညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ရှေးရှုနိုင်မှာဖြစ်တယ်။

လူငယ်တွေစာတတ်မှ၊ ဘက်စုံအရည်အချင်းတွေရှိမှ၊ ပညာအမြော်အမြင်ရှိမှ၊ အကျိုးအကြောင်း၊ အကောင်းအဆိုး၊ အမှန်အမှားခွဲခြားတတ်မှ၊ ဆင်ခြင်တုံတရားရှိမှ သူတို့ရဲ့အနာဂတ်ဟာ ရှင်သန်မယ်။ စိတ်ထားမြင့်မြတ်ထူးချွန်ထက်မြက်ပြီဆိုရင်တော့ သူတို့ရဲ့ အနာဂတ်ကို စိတ်အေးချမ်းသာစွာ တည်ဆောက်နိုင်မယ်။

ပညာဗဟုသုတတွေကို ဆရာ့ဝတ္တရားများအရ မျှဝေကြပါ။ အတတ်ပညာ နည်းပညာလည်းမျှဝေကြပါ။ တစ်သက်တာ သင်ယူမှုတွေကိုလည်း ဆက်လုပ်ကြပါ။ ဘွဲ့ရပြီးလည်း ဆည်းပူးမှ ကြီးပွားချမ်းသာ ပျော်ရွှင်စေမယ်။

*(ဆက်လက်ဖော်ပြပါမည်)*

---

## ကျွန်းစုမြို့၌ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကျင်းပ

**ကျွန်းစု မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၌ ကျွန်းစုမြို့ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသိဋ္ဌနှင့် ဆရာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး သက်ကြီးဘိုးဘွားများ ပူဇော်ပွဲတွင် မြို့ပေါ်ရပ်ကွက်များရှိ အသက် ၇၈ နှစ်နှင့်အထက် အဘိုး၂၄ ဦး၊ အဘွား ၂၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ထို့နောက်မြို့နယ်တစ်ဝန်း ဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဆရာတော်ဘဒ္ဒန္တဝိသိဋ္ဌဦးဆောင်သော သံဃာတော်ကိုးပါးတို့က မြို့ပေါ်ရပ်ကွက်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခဲ့ကြသည်။

**စည်သူရအောင်(ကျွန်းစု)**

## ကျောင်းကုန်းမြို့၌ နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန စုပေါင်း ငါးလွှတ်

**ကျောင်းကုန်း မေ ၁၇**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်း မြို့နယ်၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို မေ ၁၇ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒါးကမြစ်အတွင်းသို့ တစ်လက်မ အရွယ်အစား ငါးမြစ်ချင်းကောင်ရေ နှစ်သောင်းကို ဇီဝိတဒါန စုပေါင်း လွှတ်ပေးခဲ့ကြသည်။




**ဝင်းကြိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၅-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တောရွှေ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၂၀** သဘာဝအလှစစ်တို့ရှိရာပိုအင်ဂျာ
**၁၁:၃၅** ရုပ်မြင်သံကြားဇာတ်လမ်းတွဲ **'ကမ္ဘာမြေအတွက်လက်ဆောင်'**
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ လျှို့ဝှက်ချက်'** (အပိုင်း-၈၀)
**၁၃:၃၀** MRTV National News
**၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်းတွဲ **'ဘိုင်တင်နံပါတ် ၁၅၀၀'**
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ အစီအစဉ်
**၁၇:၁၀** ရော့ဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီကျွန်း
**၁၇:၃၅** ဝင်ငွေသေချာရွှေနေကြာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်'** (အပိုင်း-၂၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** တောင့်စည်းအာရုံမြတ်သည့်ဂုဏ် ဇာတ်တော်ကြီး (ဒုတိယပိုင်း)
**၂၂:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၉)

**mitv**

**07:01** Aung Chin Shit Par
**07:12** Let's go to....Natural Paradise
**07:42** Myanmar Traditional Art Bronze Casting
**07:48** Toddy Palm Product Shop
**08:01** Faith & Worship (Part-2)
**08:25** Mote Khwe Late from Intaing Village
**08:34** Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong
**08:38** Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong (Theme Song)
**08:44** Children's Delight: The Ants and the Lazy Grasshopper
**09:01** News
**09:27** Global Partnership for Brighter Future: Nicaragua Pavilion at Expo 2020 Dubai
**09:35** An Ode To Love
**09:38** Come Beat Eggs For Fun & Reward

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနာခေါင်းပလွေမှုတ်
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဘုံတလာရေတံခွန်အကြောင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၃)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ကြည်ညိုဖူးမျှော်ကိုးသောင်းပုထိုးတော်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မော်ရှမ်းနဲ့ရွှေမန်းနယ်စပ်က သာယာလှပ ဆင်ခေါင်းတောင်အလှ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
သူတို့ရိုးရာ သူတို့ယဉ်ကျေးမှု
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကြက်ထမင်းပေါင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၅** နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူမိုက်တို့သွားရာလမ်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ဒေသနဲ့ကိုက်ညီတဲ့စိုက်ပျိုးနည်း
**၀၆:၄၅** မျှော်လင့်ခြင်းကွင်းပြင်ဆီမှ တောင်သူ့စကားသံများ
**၀၇:၁၅** မြေဆွေးပုံတယ်လိုပြုလုပ်မလဲ
**၀၈:၀၀** အနာဂတ်ဝင်ငွေတိုးစေဖို့မျိုးကောင်းသရက်စိုက်ကြစို့
**၀၉:၂၀** ပွင့်ဖြူမြို့မှစပ်မျိုးစပါး
**၀၉:၄၅** အနာဂတ်လှသောပိန်းဥ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဇီဝိတဒါန ငါးလွှတ်ပွဲတက်ရောက်

နေပြည်တော် မေ ၁၇

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဆရာတော် သံဃာတော်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ အောင်စည်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သုခဝိဟာရသရက်ကုန်း ကျောင်းတိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြားကာ ရေစက်သွန်းချ အမျှဝေကြသည်။

ထို့နောက် ဘိုးဘွားများ ကန်တော့ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဘိုး အဘွား ၆၀ ကို ကန်တော့ကြပြီး ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းကြသည်။




ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်အတွင်း ဇီဝိတဒါန စုပေါင်း ငါးလွှတ်ပွဲသို့ရောက်ရှိပြီး ရွှေဝါငါးကြင်းအကောင်ရေ သုံးသောင်း၊ ထိုင်းငါးခုံးမ အကောင်ရေ နှစ်သောင်း စုစုပေါင်း ငါးအကောင်ရေ ငါးသောင်းကို ဇီဝိတဒါန ကုသိုလ်ပြုလွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၄၀/၁၉၅၀ ကျပ် | ၁၉၇၀/၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅/၁၉၇၀ ကျပ် | ၁၉၉၅/၂၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၅/၁၇၃၀ ကျပ် | ၁၇၇၅/၁၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀/၁၈၁၅ ကျပ် | ၁၉၀၀/၁၉၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၈ . ၂၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၀ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၃၇၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၈၀၀၀ | ၃၁၇ | ၂၄၉၁၀၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၅၇၆ | ၄၂၁၀၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၃ | ၅၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆ | ၁၅၉၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ Comparative နဲ့ Superlative Adjectives တွေရဲ့ ကျန်ရှိနေသေးတဲ့ လေ့ကျင့်ခန်းများကို ဖော်ပြပေးလိုက်တဲ့အပြင် ကဏ္ဍသစ်အနေနဲ့ ဗဟုသုတဖြစ်ဖွယ် Verbs (ကြိယာ) တွေအကြောင်းကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk on the phone–3" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း မြန်မာနှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Comparative နှင့် Superlative Adjectives များ၏ ဖွဲ့စည်းပုံများကို ယခင်အပတ်က လေ့ကျင့်ခန်းများနဲ့တကွဖော်ပြပေးလိုက်ရာ ကျန်ရှိနေသည့်လေ့ကျင့်ခန်းများကို ယခုတစ်ပတ်တွင် ဆက်လက်ဖော်ပြပေးလိုက်ပါသည်။**

**Exercise (3) Correct these sentences. The mistakes are in bold.**

e.g. Who is **more stronger**, John or Mingfa? (Wrong)
Who is **stronger,** John or Mingfa? (Right)

1. Which ball is more bigger, yours or mine?
2. My writing is more worse than yours.
3. Who is the most tallest boy in this class?
4. He is the more faster of the two runners.
5. Which is more better, this painting or that one?
6. Mr Wang is the most wealthiest man in this town.
7. I think this is the thickest end of the pole.
8. I enjoyed the match last evening; the best team won.
9. His dog is more fiercer than yours.
10. Which is more nearer to the earth, the moon or the sun?
11. The whale is the most largest animal in the world.
12. Both the roads lead to the railway station; that one is the shortest of the two.

**ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာတော့ ဗဟုသုတဖြစ်ဖွယ် Verbs (ကြိယာ)တွေအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။**

Verbs
(ကြိယာ)
Kinds of Verbs
(ကြိယာအမျိုးအစားများ)

- Transitive Verbs (ကံလိုကြိယာ)
- Intransitive Verbs (ကံမလိုကြိယာ)

**Transitive Verbs**
**ကံလိုကြိယာ**

Verb (ကြိယာ) တစ်လုံးနောက်တွင် Object (ကံပုဒ်) တိုက်ရိုက်လိုက်ပါက ၎င်းကြိယာကို Transitive Verb (ကံလိုကြိယာ) ဟုခေါ်သည်။ ဥပမာ–

- We **eat** rice.
- They **drink** tea.
- She **sees** a snake.
- He **likes** her.

အထက်မှာဖော်ပြထားသော Verbs (ကြိယာ) များနောက်တွင် Objects (ကံပုဒ်) များဖြစ်သည့် rice, tea, a snake, her တိုက်ရိုက်လိုက်ပြီး ရေးနိုင်ပြောနိုင်သောကြောင့် ၎င်းကြိယာများကို Transitive Verb (ကံလိုကြိယာ) ဟု ခေါ်ခြင်းဖြစ်သည်။

**Intransitive Verbs**
**ကံမလိုကြိယာ**

Verb (ကြိယာ) တစ်လုံးနောက်တွင် Objects (ကံပုဒ်) တိုက်ရိုက်မလိုက်ပါက ၎င်းကြိယာများကို Intransitive Verb (ကံမလိုကြိယာ) ဟုခေါ်သည်။ ဥပမာ–

- Students **go to** school.
- They **come from** the farm.
- The guests **sit on** a mat.
- She **looks at** me.

အထက်မှာဖော်ပြထားသော Verbs (ကြိယာ) များနောက်တွင် Objects (ကံပုဒ်) များ တိုက်ရိုက်မလိုက်နိုင်ဘဲ Prepositions (ရှေ့ဆောင်ပုဒ်) ခံပြီးမှသာ Objects (ကံပုဒ်) များ လိုက်နိုင်မှာဖြစ်ပါသည်။ Objects (ကံပုဒ်) များသည် များသောအားဖြင့် နာမ်နှင့်နာမ်စားများသာဖြစ်သည်။ တချို့အဘိဓာန်များတွင် Transitive Verb ကို v.t အဖြစ်ဖော်ပြပြီး Intransitive Verb ကို v.i အဖြစ်ဖော်ပြထားသည်ကို တွေ့မြင်နိုင်ပါသည်။ အသုံးများသည့် v.t (Verb Transitive) နှင့် v.i (Verb Intransitive) များကို မှတ်သားဖွယ်ဖော်ပြပေးလိုက်သည်။

**Common Transitive Verbs**

1. accept = လက်ခံသည်။
2. accuse = စွပ်စွဲသည်။
3. add = ပေါင်းထည့်သည်။
4. admit = ဝန်ခံသည်။
5. adore = မြတ်နိုးသည်။
6. advise = အကြံပေးသည်။
7. affect = အကျိုးသက်ရောက်မှုရှိသည်။
8. aid = ကူညီသည်။
9. amuse = ရွှင်မြူးစေသည်။
10. annoy = စိတ်ကသိကအောက်ဖြစ်စေသည်။

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

1. strong
2. stronger
3. lighter
4. longer
5. easiest

**Exercise (2) မှအဖြေများ**

6. largest
7. brighter
8. heavier
9. more handsome
10. cheaper

## VOCABULARY (Synonyms)

1. **fight = battle (တိုက်ပွဲ)**
2. **float = drift (မျောပါသည်။ လွင့်ပါသည်)**
3. **fond = loving (ချစ်ခင်ကြင်နာသော)**
4. **frank = outspoken (ပွင့်လင်းသော)**
5. **free = release (လွှတ်လိုက်သည်။ လွတ်ငြိမ်းစေသည်)**
6. **friend = comrade (သူငယ်ချင်း၊ ရဲဘော်ရဲဘက်)**
7. **friendly = amiable (ဖော်ရွေသော)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk on the phone–3

**ဒီတစ်ပတ်မှာတော့ ဖုန်းခေါ်ဆိုတဲ့အခါ ကိုယ်ပြောချင်သူနဲ့မတွေ့ဘဲ(သို့)မရှိဘဲသတင်းစကားချန်ထားရမယ့်အခြေအနေမျိုးမှာ (leaving messages) ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk on the phone–3" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

*Would you like to leave a message?*
*Should I get him to call you back later?*
*Can I leave him a message?*
*Please make sure ....*
*Could you ask him ...*

၁။ ဖုန်းဆက်လိုက်လို့ ကိုယ်ပြောချင်တဲ့သူနဲ့ မတွေ့တာမျိုးဖြစ်တတ်ပါတယ်။ အဲလိုအချိန်မှာ တစ်ဖက်က သတင်းစကား ချန်ထားခဲ့စေချင်သလားလို့ ပြောချင်ရင်တော့ –

- Would you like to leave a message? ဆိုပြီးပြောနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ သူ့ကိုဘာပြောပေးလိုက်ရမလဲ။ သို့မဟုတ် သတင်းစကားချန်ထားခဲ့မလား။ ပဲ ဖြစ်ပါတယ်။

၂။ သူ့ကိုပြန်ခေါ်ဖို့ ပြောပေးရမလား ဆိုပြီး ပြောချင်ရင်တော့ –

- Should I get him to call you back later? ဆိုပြီး ပြောနိုင်ပါတယ်။

၃။ သူ့အတွက် သတင်းစကားချန်ထားလို့ရမလား သို့မဟုတ် သူ့အတွက် အမှာပါးလို့ရမလားလို့ မေးချင်ရင်တော့ ဒီလိုမေးနိုင်ပါတယ်။

- Can I leave him a message?

၄။ ကိုယ်ပြောတဲ့အကြောင်းအရာက အရေးကြီးတယ်။ သူ့ကိုဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျိန်းသေစေချင်တယ်ဆိုရင်တော့ –

- Please make sure ... ဆိုပြီး ပြောနိုင်ပါတယ်။

၅။ သူ့ကို ပြောပေးနိုင်မလားဆိုပြီး ပြောချင်ရင်တော့ –

- Could you ask him ... ဆိုပြီး ပြောနိုင်ပါတယ်။

**Conversation**

Can I leave him a message?

**Joe:** Hello, Winner Language Centre, can I help?
**Sue:** Hello, this is Sue. I'm calling for Robert. Is he available?
**Joe:** Unfortunately he's busy at the moment. **Would you like to leave a message,** or **should I get him to call you back later?**
**Sue:** Umm… **Can I leave him a message?** It's quite important.
**Joe:** Of course.
**Sue:** **Could you ask him** to double check the exam centers for students? He'll know what I mean.
**Joe:** Very well. Anything else?
**Sue:** No, that's everything, but do **please make sure** he gets it as soon as possible.
**Joe:** I'll pass your message on as soon as he's free.
**Sue:** Thank you.
**Joe:** Would you also like him to call you back?
**Sue:** Yes, please. If you could get him to call me at my office that would be wonderful.
**Joe:** No problem at all.
**Sue:** Thanks so much.
**Joe:** You're welcome, bye-bye now!
**Sue:** Bye!

**Language Focus**

သူ့ကို ပြောပေးလို့ရမလား။ သူ့အတွက် သတင်းစကားချန်ထားလို့ရမလား။ ကျွန်တော့်အတွက် ဒါလေးပြောပေးနိုင်မလား။ သူ့ကို ဒါလေးပေးသိချင်ရုံလေးပါ။ စသည်ဖြင့် ပြောချင်ရင်တော့ အောက်မှာ ဖော်ပြထားတဲ့ စကားပြောပုံစံတစ်မျိုးမျိုးကို ပြောနိုင်ပါတယ်။

- Can I take a message?
- Should I give him a message?
- Can I leave him a message?
- Could you pass on a message for me?
- Can you ask him to ...?
- Could you tell her that ...?
- Just let him know that ...

ကိစ္စကအရေးကြီးတယ်။ ဒါကြောင့် သေသေချာချာလေးပြောပေးပါလို့ ပြောချင်ရင်တော့ အောက်မှာဖော်ပြထားတဲ့အတိုင်းလည်း ပြောနိုင်ပါတယ်။

- It's urgent, so please tell her as soon as you can.

ကိစ္စကအရေးမကြီးဘူး။ သူ့ကို သိစေချင်ရုံလေးပဲ ဆိုရင်တော့ အောက်မှာဖော်ပြထားတဲ့အတိုင်း ပြောနိုင်ပါတယ်။

- It's not urgent, so just let him know when he's free.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ပြည်သူတို့ နှလုံးစိတ်ဝမ်းအေးချမ်းစေမည့် ရုပ်ရှင်ရုံများဖွင့်လှစ်မှုအပေါ် ဝမ်းသာပီတိစကားသံများ

**တွေ့ဆုံမေးမြန်း - သင်းပျံ့၊ မွှေးမွှေး**


ဦးလှသိန်း


ဦးသိန်းနိုင်


ဦးကြည်စိုးထွန်း


ဦးစောလွင်

မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားခဲ့သည့်ကာလတွင် ရုပ်ရှင်ရုံများကို ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပိတ်ထားခဲ့ရခြင်းကြောင့် ရုပ်ရှင်နှင့်ဝေးခဲ့ရသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းခဲ့ပြီဖြစ်သောကြောင့် ပြည်သူတို့၏ မွန်းကျပ်နေသော စိတ်များ ပြေလျော့နိုင်စေရန် နိုင်ငံတစ်ဝန်းတွင်ရှိသော ရုပ်ရှင်ရုံများအနက် ပြသရန်အသင့်ဖြစ်နေသော ရုပ်ရှင်ရုံပေါင်း ၄၈ ရုံအား ပြန်လည်ဖွင့်လှစ်ပြသခွင့်ပြုခဲ့သည်။ ရန်ကုန်မြို့တွင် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံအပါအဝင် ရုပ်ရှင်ရုံပေါင်း ၁၉ ရုံ၌ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ရိုက်ကူးထားသည့် "ဝေးမနေချင်ဘူး" ဇာတ်ကားကို တစ်ပြိုင်တည်း စတင်ပြသခဲ့ရာ ရုပ်ရှင်ချစ်ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ထိုသို့ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသနိုင်မှုအပေါ် ဝမ်းသာပီတိ စကားသံများအား ဖော်ပြလိုက်ပါသည်။

**ဦးလှသိန်း**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်**

ဒီနေ့စပြမယ့် ဇာတ်ကားကတော့ "ဝေးမနေချင်ဘူး" ဇာတ်ကားဖြစ်ပါတယ်။ အဲဒီကားပြီးရင် သောကြာနေ့ရောက်ရင် နောက်တစ်ကား "လိပ်ပြာထောင်ချောက်" ပြပါမယ်။ တစ်ပတ်ကို တစ်ကားနှုန်းနဲ့ပြမှာပါ။ အဲဒီလို ဇာတ်ကားတွေပြသရာမှာ ထုတ်လုပ်သူနဲ့ ရုံပိုင်ရှင်တွေနဲ့ ညှိနှိုင်းပြီး အဆင်ပြေတဲ့ကားကို ရက်ချိတ်ပြီး ပြရတာပါ။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ သဘောတစ်ခုတည်းမဟုတ်ဘဲ ရုံရှင်၊ ကားရှင်တွေနဲ့ သုံးဦးသုံးဖလှယ် ညှိနှိုင်းပြီးပြရတာပါ။ ဒီနေ့စဖွင့်တာဆိုတော့ ပရိသတ်ကို ခန့်မှန်းလို့မရသေး ဘူး။ မြန်မာတစ်နိုင်ငံလုံးမှာ တစ်ပတ်ကို တစ်ကားနှုန်းနဲ့ပြမှာပါ။ ရုပ်ရှင်တွေပြပြီး ပုံမှန်ခါတိုင်းလိုလည်ပတ်နိုင်ပြီဆိုရင် ရိုက်ကူးရေးတွေလည်း ပြန်စနိုင်ပါပြီ။ အဓိက ပြသရေးရဲ့ အနေအထားကို ကြည့်ရမှာပေါ့။ ပြသရေးကောင်းမယ်ဆိုရင် ရိုက်ကူးရေးလုပ်ငန်း စနိုင်တဲ့အတွက် ရုပ်ရှင်လောကသားတွေလည်း အလုပ်တွေပြန်ရပါပြီ။ ရန်ကုန်တိုင်းဒေသကြီးမှာ ရုပ်ရှင်ရုံ ၁၉ ရုံဖွင့်ပြီးတော့ တစ်ပြည်လုံးမှာဆိုရင် ရုံ ၅၀ ကျော် ပြသဖို့ရှိပါတယ်။ တချို့ရုပ်ရှင်ရုံတွေက စက်ပိုင်းဆိုင်ရာ၊ ရုံပိုင်းဆိုင်ရာတွေ ပြုပြင်နေတာတွေရှိတယ်။ ကျွန်တော်တို့ရုပ်ရှင်တွေကို အရင်လိုပဲပြန်ပြီး အားပေးကြပါ။ လုပ်ငန်းတွေလည်း ပုံမှန်ပြန်ပြီး လည်ပတ်အောင်ဖြစ်နိုင်သမျှကြိုးစားနေပါတယ်။ တချို့ ပိတ်ကားအပိုရှိတဲ့ ရုပ်ရှင်ရုံတွေဆိုရင် နိုင်ငံခြားကားတွေလည်း ပြသဖို့ရှိပါတယ်။

**ဦးသိန်းနိုင်**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

တစ်နိုင်ငံလုံးကို ရုပ်ရှင်ရုံ ၆၀ ခန့် ဖွင့်မယ်လို့ မှန်းထားပါတယ်။ တချို့ရုံတွေက ပြုပြင်စရာတွေရှိတဲ့အတွက် တစ်နိုင်ငံလုံးမှာဆိုရင် ဒီနေ့ ၄၈ ရုံကစပြီး ပြသပါတယ်။ နောက်ရက်တွေမှာ ရုံတွေထပ်တိုးပြီး ပြနိုင်မှာပါ။ ရန်ကုန်မှာ ၁၉ ရုံပြသဖို့ရှိပါတယ်။ နောက်ပိုင်းစီးတီးမောတွေဖွင့်ရင် ထပ်တိုးပြသမှာပါ။ တစ်ပြည်လုံးကို ဒီနေ့စဖွင့်ပြီး ရုပ်ရှင်လုပ်ငန်း ပြန်လည်နိုးထဖို့အတွက် မြန်မာဇာတ်ကားခြောက်ကားကို စပြသွားမှာပါ။ ဒီနေ့ပြမယ့်ဇာတ်ကားက "ဝေးမနေချင်ဘူး"၊ ဒါရိုက်တာက ညွှန့်မြန်မာညီညီအောင်ပါ။ ဒီဇာတ်ကားနဲ့ စပြီးပြသပါတယ်။ ကျန်းမာရေးအရ ကြိုပြီးစစ်ဆေးထားတာရှိတယ်။ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ၊ သတ်မှတ်ချက်နဲ့အညီ ထိုင်ခုံ နှစ်ခုံခြားပြဖို့ အစီအစဉ် လုပ်ထားပါတယ်။ တချို့ရုံမှာ လာကြည့်ချင်တဲ့သူတွေ လာမေးနေကြတာ ရှိတယ်လို့သိရတယ်။ အားလုံးအတွက် ရုပ်ရှင်နဲ့ပတ်သက်ပြီး ကြိုဆိုပါတယ်။ နိုင်ငံခြားကားအနေနဲ့ ခွင့်ပြုထားတဲ့ကားဆိုရင် ထိုင်းကားနှစ်ကား၊ အိန္ဒိယဇာတ်ကား နှစ်ကားရှိပါတယ်။ နှစ်ကားလုံး Action ဇာတ်ကား အသစ်တွေပါ။ တချို့ရုံတွေမှာလည်း နှစ်ဆန်းတစ်ရက်နေ့အမီ နိုင်ငံခြားဇာတ်ကားကြိုက်တဲ့ ပရိသတ်တွေကြည့်နိုင်အောင် ပြဖို့စီစဉ်ထားပါတယ်။ တစ်နေ့ကို လေးပွဲနှုန်းနဲ့ ပြသွားမှာပါ။

**ဦးကြည်စိုးထွန်း**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ**

ပျော်တာပေါ့ဗျာ၊ ကျွန်တော်တို့က ရုပ်ရှင်နဲ့တစ်သက်လုံး နေလာတာဆိုတော့ ရုပ်ရှင်ကြည့်ရတာလည်း ပျော်တယ်၊ ရုပ်ရှင်ရိုက်ရတာလည်း ပျော်တယ်။ အခုလိုရုပ်ရှင်ရုံတွေဖွင့်တယ်၊ ပရိသတ်တွေ လာကြည့်ကြတယ်ဆိုရင် ကျွန်တော်တို့လောကသားတွေလည်း ပျော်ကြတာပေါ့။ ကျွန်တော်လည်း ပျော်တာပေါ့။ နောင်အလားအလာလည်း ကောင်းမှာပါ။ ပြည်သူတွေက စိတ်ဖိစီးနေကြတာ တော်တော်ကြာပြီလေ၊ စိတ်ပျော်ရွှင်အောင် ရုပ်ရှင်ရုံတွေဖွင့်တာကို ကျွန်တော်တို့က ကြိုဆိုပါတယ်၊ ဝမ်းလည်းဝမ်းသာတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်တိုင်းပြည်ကြီးသာယာဝပြောနေရင် ကျေနပ်နေတာ အမှန်ပါပဲ။ ရုပ်ရှင်ဝါသနာပါတဲ့သူတိုင်း လာကြည့်ကြမှာပါ။ ပရိသတ်ကလည်း အရေးကြီးပါတယ်။ ရုပ်ရှင်လောကသားတွေအတွက် ပရိသတ်ဟာ ကျေးဇူးရှင်တွေပါ။

**ဦးစောလွင်**
**မင်္ဂလာကုမ္ပဏီ၏ ဖြန့်ချီ/ကြော်ငြာမန်နေဂျာ**

ကိုဗစ်ကာလကစပြီး ရုပ်ရှင်မပြတာ နှစ်နှစ်ခန့်ရှိပါပြီ။ ရုပ်ရှင်ရုံကို ပြန်ပြီး စိတ်ဝင်စားလာစေချင်တဲ့ စေတနာပါ။ ရုပ်ရှင်လုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတဲ့ အနေအထားဖြစ်အောင် ရုပ်ရှင်ရုံတွေကို ပြန်လည်ဖွင့်လှစ်တာပါ။ ရုပ်ရှင်လောကတစ်ခုလုံး ရပ်ဆိုင်းနေရတဲ့အတွက် ပြန်ပြီးတော့ အားပေးစေချင်ပါတယ်။ ရုပ်ရှင်ချစ်တဲ့ပရိသတ်ကို နှလုံးစိတ်ဝမ်းအေးချမ်းအောင် ရသမျိုးစုံပါဝင်တဲ့ ဇာတ်ကားများနဲ့ ဖျော်ဖြေချင်ပါတယ်။ အဲဒီအတွက် ရုပ်ရှင်ရုံတွေပြန်လည်ဖွင့်ဖို့ ကြိုးစားခဲ့ကြတာပါ။ အဲဒါအပြင် ရုပ်ရှင်လောကသားတွေ စားဝတ်နေရေး အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့ ဖွင့်လှစ်တာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာအုပ်စုအနေနဲ့ တစ်နိုင်ငံလုံးမှာ ရုပ်ရှင်ရုံ ၇၀ ခန့် ရှိပါတယ်။ ဒါပေမယ့် အားလုံးမဖွင့်နိုင်သေးဘူး။ ၂၅ ရုံလောက်ဖွင့်ဖို့ ကြိုးစားနေပါတယ်။ ဒီနေ့မှာ ၁၅ ရုံဖွင့်ထားပါတယ်။ မြန်မာဇာတ်ကား၊ နိုင်ငံခြားဇာတ်ကားတွေပြသသွားမှာပါ။ ရုပ်ရှင်ရုံတွေပြန်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ရုပ်ရှင်လောကတစ်ခုလုံး ပြန်ပြီးအသက်ဝင်လာအောင် ကျွန်တော်တို့ ကြိုးစားနေကြပါတယ်။ အဲဒီအတွက်လည်း အားပေးကြပါဦးလို့ ရုပ်ရှင်ချစ်တဲ့ မြန်မာပရိသတ်အပေါင်းကို ဖိတ်ခေါ်ပါတယ်။ ရိုက်ပြီးသား ရုပ်ရှင်ဇာတ်ကား ၂၅၀ ခန့်ကို ပြသဖို့ အသင့်ရှိနေပါပြီ။ အဲဒီထဲက ကောင်းနိုးရာရာကိုရွေးချယ်ပြီး တင်ဆက်ပေးသွားပါ့မယ်။ ပရိသတ်စိတ်ဝင်စားနိုင်တဲ့ ကားမျိုးလေးတွေပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းဆောင်ရွက်တဲ့ ပွဲလေးဖြစ်ပါတယ်။ ဒီနေ့ရုပ်ရှင်ရုံတွေဖွင့်ရာမှာ ကျွန်တော်တို့ မင်္ဂလာအုပ်စုတစ်ခုတည်းမဟုတ်ဘဲ ဂျန်းရှင်း၊ မီဂါ၊ ပါရာဒီဆို၊ ရက်ရေးဒီးယန့်နဲ့ ဂလက်စီရုပ်ရှင်အုပ်စုတွေအပြင် တချို့ရုံပိုင်ရှင်တွေရဲ့ ရုံတွေလည်း တစ်ပြိုင်တည်း ဖွင့်လှစ်ပြသသွားမှာပါ။ နိုင်ငံတစ်ဝန်းက ရုပ်ရှင်ချစ်မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

## နှစ်ဆန်း ၁ ရက်နေ့တွင် သီပေါ၌ အပန်းဖြေအနားယူသူများစည်ကား

**သီပေါ မေ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နှစ်သစ်ကူးနှစ်ဆန်း ၁ ရက်နေ့တွင် တန်ခိုးကြီးဘုရားများဖြစ်သည့် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီး၊ လွယ်မုတ်တောင်စေတီ၊ မြို့လယ်ဓမ္မာရုံ၊ ရွှေသမင်တောင်၊ သိမ်တောင်၊ ကွတ်လုံစေတီတော်၊ သိမ်ကုန်းရှေးဟောင်းဘုရားပုထိုးနှင့် နီးဘုရားတို့၌ မြတ်စွာဘုရားအား ရေသပ္ပာယ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်း စသည့်ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။



သီပေါမြို့ပေါ် (၁၁) ရပ်ကွက်၌လည်း အသက် ၈၀ အထက် သက်ကြီးအဘိုးအဘွားများကို အလှူငွေပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး လမ်းဆုံလမ်းခွများ၌ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့အပြင် မန္တလေး-သီပေါ-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးဘေးရှိ ဒုဋ္ဌဝတီမြစ်ကမ်းခြေတစ်လျှောက် ဆွတ်လန်းကမ်းခြေ၊ ပန်းချယ်ရီရေပေါ်စားသောက်ဆိုင်၊ သီပေါဂါးဒင်းကမ်းခြေနှင့် ဒုတိယချောင်းသာဟုခေါ်တွင်သော မြစ်ကမ်းခြေတို့တွင် ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများ၊ မြို့နယ်အတွင်းမှ မိသားစုများ၊ မိတ်ဆွေအပေါင်းအသင်းများသည် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားစွာလာရောက်အပန်းဖြေအနားယူလျက်ရှိသည်ကို တွေ့ရသည်။

**စိုင်း(သီပေါ)**

## ကချင်ပြည်နယ်ရှိ ရုပ်ရှင်ရုံများ ပြန်လည်ပြသ

**မြစ်ကြီးနား မေ ၁၇**

၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရုပ်ရှင်ပြသခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရာ ယနေ့မြန်မာနှစ်ဆန်း ၁ ရက် (မေ ၁၇ ရက်မှ) စတင်ကာ ရုပ်ရှင်ရုံများ ပြန်လည်ပြသခွင့်ပြုခဲ့သဖြင့် ကချင်ပြည်နယ်အတွင်း ပြည်သူများ အပန်းဖြေပျော်ရွှင်နိုင်စေရေး ရုပ်ရှင်ရုံများလည်း ပြန်လည်ပြသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရုပ်ရှင်ရုံများပြန်လည်ပြသရာတွင် မြစ်ကြီးနားမြို့ရှိ ရော၊ မြို့ဂုဏ်ရောင်၊ မိုးကောင်းမြို့ရှိရောမိုးကောင်း၊ ဗန်းမော်မြို့ရှိ ဇမ္ဗူဒီပါ စသည့်ရုပ်ရှင်ရုံတို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ "ရုပ်ရှင်ပြသရာတွင် လိုက်နာဆောင်ရွက်ရမည့် စံပြုသတ်မှတ်ချက်"နှင့်အညီ ပြသလျက်ရှိသည်။ ယင်းသို့ပြသလျက်ရှိရာ မြစ်ကြီးနားမြို့ရှိ ရောရုပ်ရှင်ရုံတွင် "ဝေးမနေချင်ဘူး" ရုပ်ရှင်ကားဖြင့် ယနေ့တွင် စတင်ပြသလျက်ရှိပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ပြသမည်ဖြစ်ကြောင်း ၎င်းရုပ်ရှင်ရုံပိုင်ရှင်က ပြောသည်။ အလားတူ မိုးညှင်းမြို့ရှိ ရွှေပြည်တော်ရုပ်ရှင်ရုံ၊ ဖားကန့်မြို့ရှိ Dai Zuk ရုပ်ရှင်ရုံနှင့် ဗန်းမော်မြို့ရှိ စတားရုပ်ရှင်ရုံတို့တွင်လည်း ရုပ်ရှင်ပြန်လည်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်နေလျက်ရှိကြောင်း ရုပ်ရှင်ရုံပိုင်ရှင်များထံမှ သိရသည်။

**ဝေဖြိုးလေး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပွမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဆီထွက်သီးနှံနေကြာကို အလေးထားတိုးချဲ့စိုက်ပျိုးကြပါစို့

မောင်ကျွန်း-မြင့်အောင်

မြန်မာနိုင်ငံတွင် တောင်သူများစိုက်ပျိုးသော ဆီထွက်သီးနှံ သုံးမျိုးမှာ နှမ်း၊ မြေပဲနှင့် နေကြာတို့ဖြစ်သည်။ နေကြာသီးနှံသည် ကမ္ဘာ့စားသုံးဆီထုတ်လုပ်သော သီးနှံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ နေကြာသည် မြန်မာတစ်နိုင်ငံလုံး နေရာမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံလည်းဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယခင်က နေကြာကေအများအပြား စိုက်ပျိုးခဲ့ကြသည်။ အောင်မြင်ဖြစ်ထွန်းခဲ့ကြသည်။ တောင်သူများ ဝင်ငွေတိုးပွားအကျိုးများခဲ့ကြပေသည်။

စာရေးသူတို့ငယ်စဉ်က အမေ့ဇာတိဖြစ်သော မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျ-နတ်မင်းကြီးကျေးရွာသို့ အမေအလည်အပတ်ပြန်လျှင် စာရေးသူလိုက်ပါခဲ့ဖူးသည်။ နေကြာစိုက်ခင်းကြီးများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။

## နေကြာနှစ်မျိုး

နေကြာတောင်သူများစိုက်ပျိုးသော နေကြာမျိုးများတွင် အဓိကအားဖြင့် အစေ့စားနေကြာနှင့် ဆီစားနေကြာဟူ၍ နှစ်မျိုးရှိသည်။ နေကြာတောင်သူများသည် ဆီထွက်သီးနှံနေကြာကို ဝင်ငွေတိုးပွားအကျိုးများသဖြင့် ကြိုက်နှစ်သက်ကြသည်။ မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံများအနက် နေကြာသီးနှံသည် စိုက်ပျိုးရသော မျိုးစေ့ပမာဏနှင့် ထွက်ရှိသောမျိုးစေ့ပမာဏ အချိုးအစားမြင့်မားခြင်း၊ တစ်ကေ ဆီအထွက်နှုန်းကောင်းမွန်ခြင်း၊ စိုက်ပျိုးစရိတ်သက်သာခြင်း၊ ပိုးမွှားရောဂါနှင့် ရာသီဥတုဖောက်ပြန်သည့်အချိန်တွင် သီးနှံပျက်စီးမှုနည်းပါးခြင်းတို့ကြောင့် တောင်သူများမှာ နေကြာကို ကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆီထွက်သီးနှံနေကြာကို လိုလိုလားလား စိုက်ပျိုးနေကြသည်။

နေကြာ၏ မူရင်းဒေသမှာ မြောက်အမေရိကဖြစ်သည်။ နေကြာသည် စုပေါင်းမျိုးရင်းတွင် ပါဝင်သည်။ နေကြာကို အင်္ဂလိပ်အမည် (Sun Flower) ဟု ခေါ်ကြသည်။ နေကြာပင်များ ကြိုက်နှစ်သက်သော သဘာဝမှာ သမပိုင်းဇုန်ဖြစ်သော်လည်း သမန္တေးပိုင်းဒေသများတွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြသည်။ နေကြာကို တောင်လတ္တီတွဒ် ၄၀ နှင့် ၅၀ ဒီဂရီအတွင်း စိုက်ပျိုးနိုင်သည်။ အထူးသဖြင့် မြောက်လတ္တီတွဒ် ၂၀ နှင့် ၅၀ ဒီဂရီအတွင်း စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းအောင်မြင်သည်။

## နေကြာကြိုက်နှစ်သက်သည့်မြေ

နေကြာစိုက်ပျိုးမည်ဆိုလျှင် တောင်သူများ အဓိကသိထားသင့်သည့်အချက်မှာ မြေအမျိုးအစားဖြစ်သည်။ နေကြာသည် သူကြိုက်နှစ်သောမြေတွင် ပိုမိုဖြစ်ထွန်းသည်။ နေကြာပင်ကို သဲနုန်းမြေစေး၊ နုန်းမြေနှင့် သဲနုန်းမြေတို့တွင် စိုက်ပျိုးပါက အထူးသန့်စွမ်း ဖြစ်ထွန်းအောင်မြင်သည်။ မြေချဉ်ငံဓာတ် ၆-၇ သည် နေကြာစိုက်ပျိုးရန် အသင့်လျော်ဆုံးဖြစ်ပေသည်။



ဟင်္သာတခရိုင်၌ ၂၀၂၂ ခုနှစ်အတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်းတစ်ခင်း။

မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်မှာ အရေးကြီးသောအချက်ဖြစ်ရာ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေကြာကို သီးထပ်၊ သီးညှပ် တိုးချဲ့စိုက်ပျိုးကြရန်လိုသည်။ စာရေးသူနေထိုင်သော ဧရာဝတီတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံနေကြာကို ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိကြသည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်း နေကြာတိုးချဲ့စိုက်ပျိုးရေး

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၂၂- ၂၀၂၃ ခုနှစ် နေကြာစိုက်ပျိုးရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို သိရှိလိုသဖြင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် တိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်လှိုင်တို့နှင့် ဆက်သွယ်မေးမြန်းခဲ့သည်။

“ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ ဆီထွက်သီးနှံနေကြာကို ၂၀၂၂- ၂၀၂၃ ခုနှစ်မှာ စတင်ပြီး စိုက်ကေ တိုးချဲ့သွားဖို့ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးတစ်ခုလုံးမှာ နေကြာ ၂၂၄၆၈၈ ကေ တိုးချဲ့စိုက်ပျိုးသွားနိုင်ဖို့အတွက် လိုအပ်တဲ့နေကြာမျိုးစေ့ရရှိရေးကို အဓိကထားဆောင်ရွက်နေပါတယ်။ ၂၀၂၂- ၂၀၂၃ ခုနှစ် မိုးရာသီမှာ ဆင်းရွှေကြာ(၂) မျိုးနဲ့ မျိုးစေ့ထုတ်ကေ ၃၀၀၀ စိုက်ပျိုးရရှိနိုင်ဖို့အတွက် ဟင်္သာတခရိုင်အတွင်းရှိ မြန်အောင်မြို့နယ်မှာ ကေ ၁၃၀၀၊ ကြံခင်းမြို့နယ်မှာ ကေ ၁၀၀၀ နဲ့ အင်္ဂပူမြို့နယ်မှာ ကေ ၇၀၀ စိုက်ပျိုးသွားဖို့ဖြစ်ပါတယ်။ အဲဒီ နေကြာကေ ၃၀၀၀ မျိုးစေ့ထုတ် စိုက်ဖို့လိုအပ်တဲ့ နေကြာမျိုးစေ့တွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့အစီအစဉ်တွေနဲ့ ဝယ်ယူပြီး ၂၀၂၂- ၂၀၂၃ ဆောင်းရာသီ နေကြာစိုက်ပျိုးကြဖို့ တိုင်းဒေသကြီးအတွင်းရှိ တောင်သူတွေကို နေကြာမျိုးစေ့တွေ ပြန်လည်ဖြန့်ဖြူးသွားဖို့ ရှိပါတယ်”ဟု ၎င်းတို့က ပြောသည်။

## စိုက်ပျိုးမည့် ခရိုင်နှင့် မြို့နယ်များ

စာရေးသူတို့ ဧရာဝတီတိုင်းဒေသကြီးသည် မြေနေရာကျယ်ဝန်းသည်။ စိုက်ပျိုးရန်ဖြစ်ထွန်းသည့် ရေခံ၊ မြေခံကောင်းသော ဒေသဖြစ်ရာ တိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်တွင် ၂၀၂၂- ၂၀၂၃ ခုနှစ် နေကြာစိုက်ပျိုးရာသီမှစတင်၍ နေကြာကေများ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။ အများဆုံး စိုက်ပျိုးသွားမည့် ခရိုင်မှာ ဟင်္သာတခရိုင်ဖြစ်ပြီး ၂၀၂၂- ၂၀၂၃ တွင် နေကြာကေပေါင်း ၁၀၇၆၆၀၊ ဒုတိယအများဆုံး စိုက်ပျိုးသွားမည့်ခရိုင်မှာ မအူပင်ခရိုင်ဖြစ်ပြီး နေကြာကေပေါင်း ၇၀၈၂၃ ကေ စိုက်ပျိုးသွားကြမည်ဖြစ်သည်။

အများဆုံးစိုက်ပျိုးမည့် မြို့နယ်မှာ အင်္ဂပူမြို့နယ်ဖြစ်ပြီး ကေပေါင်း ၃၀၆၁၀၊ ဒုတိယအများဆုံးစိုက်ပျိုးမည့် မြို့နယ်မှာ ဇလွန်မြို့နယ်ဖြစ်ကာ ကေပေါင်း ၂၆၀၀၅နှင့် တတိယအများဆုံး စိုက်ပျိုးမည့် မြို့နယ်မှာ မအူပင်မြို့နယ်ဖြစ်ရာ ကေပေါင်း ၂၂၅၈၃ ကေတို့ ဖြစ်ကြသည်။ ကျန်မြို့နယ်အသီးသီးတွင်လည်း ၂၀၂၂- ၂၀၂၃ နေကြာစိုက်ပျိုးရေး ရာသီချိန်၌ နေကြာကေများ အသီးသီး တိုးချဲ့စိုက်ပျိုးကြမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေကြာသည် ယခုမှ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေသော သီးနှံမျိုးမဟုတ်ပေ။ မြန်မာနိုင်ငံ၌ ၁၉၇၆- ၁၉၇၇ ခုနှစ်မှ စတင်၍ ဆီစားနေကြာကို စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးသောမျိုးအများစုမှာ သဘာဝ ဝတ်မှုန်ကူးမျိုးဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆင်းရွှေကြာ(၂) သဘာဝ ဝတ်မှုန်ကူးမျိုးကိုလည်း ထုတ်လုပ်နိုင်ခဲ့ကြသည်။

ဆီထွက်နေကြာစိုက် တောင်သူများသည် အထွက်နှုန်းကောင်းသော နေကြာမျိုးများကို ရွေးချယ်စိုက်ပျိုးမှသာလျှင် နေကြာအထွက်နှုန်းအတွက် စိတ်ချရမည်ဖြစ်ပေသည်။ အထွက်ကောင်းနှင့် ဆီထွက်ကောင်း စပ်မျိုးနေကြာ မျိုးသစ်များကို မွေးမြူထုတ်လုပ်ခြင်းအားဖြင့် တောင်သူများ စိုက်ပျိုးသည့် နေကြာမျိုးများမှာ မူလအရည်အသွေးမပျက် အထွက်နှုန်းနှင့် ဆီထွက်နှုန်းများ တိုးတက်ကောင်းမွန်မည့်အပြင် ဝင်ငွေတိုးတက်ရရှိကြမည်ဖြစ်သည်။

## ပြည်တွင်းစားသုံးဆီဖူလုံရေး

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နေကြာကေပေါင်း ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ နေကြာစိုက်တောင်သူတိုင်း နေကြာကို အလေးထားစိုက်ပျိုးကြရမည်ဖြစ်သည်။

နေကြာစိုက်တောင်သူများ၏ ၂၀၂၂- ၂၀၂၃ ခုနှစ် ဆီထွက်နေကြာစိုက်ပျိုးမှု အပြည့်အဝအောင်မြင်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းပေါင်းစုံနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ တက်ညီလက်ညီစွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ကြပါလျှင် နေကြာကေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်မည်ဖြစ်ပြီး ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးမှု တစ်ခေတ်ဆန်းသစ်လာတော့မည်ဖြစ်သည်။

၂၀၂၂- ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြခြင်းအားဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်ရရှိစေမည့်အပြင် နေကြာသီးနှံအထွက်နှုန်းကိုလည်းတိုးတက်စေပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိကာ လူနေမှုဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးအတွက် ၂၀၂၂- ၂၀၂၃ ခုနှစ်အတွင်း “ဆီထွက်သီးနှံနေကြာကို အလေးထားတိုးချဲ့စိုက်ပျိုးကြပါစို့”ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ॥

# မန္တလေးတိုင်းဒေသကြီးအတွင်း သရက်ခြံများကို ခြံပြတ်ဈေးဖြင့်ဝယ်ယူရန် ကွင်းဆင်းကြည့်နေ

**မန္တလေး မေ ၁၇**

တရုတ်ပြည်သို့ မြန်မာ့သရက်သီးတင်ပို့ရန် နီးကပ်လာပြီဖြစ်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ခြံများတွင် သရက်ပွဲစားများက ခြံပြတ်ဈေးဖြင့်ဝယ်ယူရန် ကိုယ်စားလှယ်များစေလွှတ်၍ ကွင်းဆင်းကြည့်ရှုနေကြပြီဖြစ်ကြောင်း မတ္တရာမြို့နယ်မှ သရက်ခြံပိုင်ရှင် ဦးသန်းလွင်က ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ သရက်သီးများသည် ကြက်ဥခန့်အရွယ်များနှင့် အိတ်စွပ်ရမည့်အရွယ်သို့ ရောက်ရှိနေပြီဖြစ်၍ ခြံပြတ်ဈေးဖြင့်ဝယ်ယူမည့် သရက်ပွဲစားများအတွက် အသီးအရေအတွက်ကို တွက်ချက်ခန့်မှန်းရန် သေချာသလောက်ရှိသည်ဟု ဆိုသည်။

“ပြီးခဲ့တဲ့လက မြန်မာနိုင်ငံဘက်ကို မုန်တိုင်းဝင်ခဲ့ပေမယ့် အထက်ပိုင်းမှာ သက်ရောက်မှုနည်းတယ်။ ရွာခဲ့တဲ့မိုးကလည်း အသီးတွေအတွက် ထိခိုက်တာမရှိတော့ အထွက်နှုန်းမကျနိုင်ဘူး။ တရုတ်လမ်းပိုင်းက သကြံန်ပြီးရင် ဖွင့်မယ်ကြားတော့ ပွဲစားတွေရဲ့ ကိုယ်စားလှယ်တွေက သရက်ခြံတွေ လိုက်ကြည့်နေကြပြီ”ဟု ၎င်းကပြောသည်။

တရုတ်နိုင်ငံသို့ မြန်မာ့သရက်သီးတင်ပို့မှုသည် အထွက်နှုန်း၏ သုံးပုံနှစ်ပုံခန့်ရှိသောကြောင့် ဈေးကွက်မှာ တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ် အဓိကတည်မှီနေကြောင်း၊ သရက်သီးများ နယ်စပ်လမ်းကြောင်းမှတင်ပို့မှုတွင် လမ်းပိုင်းကြန့်ကြာမှုမရှိမှ အပျက်အစီးနည်းပါးပြီး အရည်အသွေးကောင်း သရက်သီးများတင်ပို့နိုင်ခြင်းဖြင့် ဈေးကောင်းရရှိမည်ဖြစ်ကြောင်း သိရသည်။

“လက်ရှိတော့ တရုတ်နယ်စပ်ကုန်သွယ်ရေးဂိတ်က ပိတ်ထားပေမယ့် သကြံန်ပြီးချိန် မေ ၂၀ ရက်လောက်မှာ ဖွင့်မယ်ကြားတယ်။ မြန်မာ့သရက်သီးက နယ်စပ်လမ်းပိုင်းကနေ တရုတ်ဈေးကွက် အဓိကဖြစ်တော့ ခရီးကဝေးပြီး ကုန်သွယ်ရေးဂိတ်အခြေအနေ၊ လမ်းပိုင်းအခြေအနေတွေအရစွန့်စားပြီး သွားကြရမှာပါ”ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်ခြံများကို ခြံပြတ်ဝယ်ယူရာတွင် ပွဲစားများအနေဖြင့် သရက်သီးတစ်လုံးလျှင် ပျမ်းမျှ ၁၅၀ ကျပ်ဝန်းကျင်နှုန်းထားဖြင့် ခြံတစ်ခြံမှထွက်ရှိမည့် အသီးအရေအတွက်အပေါ် ဈေးဖြတ်ဝယ်ယူကြကြောင်း၊ လမ်းပိုင်းအခြေအနေ၊ နယ်စပ်ဂိတ် အခြေအနေတို့ကိုခန့်မှန်းကာ အရှုံးနှင့်အမြတ် ရာနှုန်းတွက်ချက်၍ ဈေးပေးဝယ်ယူကြောင်း၊ သရက်ခြံအများစုမှ သရက်သီးများမှာ အိတ်စွပ်သည့်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ရာ အိတ်စွပ်ပြီး ရက် ၃၀ နှင့် ၄၅ ရက်တွင် ခူးဆွတ်၍ ဈေးကွက်တင်နိုင်တော့မည်ဖြစ်ကြောင်း၊ မေ နောက်ဆုံးပတ်အတွင်း တရုတ်ဈေးကွက်၏ သရက်သီးအဖွင့်ဈေးကို သိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း

# ဂန္ထဝင်ကဗျာ အကျော်အမော် ဆရာသူရဇော်

နုနုယဉ် (စာပေဗိမာန်)

*ဧပြီ ၁၂ ရက်မှအဆက်*

ကလေးငယ်တို့အား အစားကောင်းကျွေးသည်။ အဝတ်ကောင်း ဆင်မြန်းပေးသည်။ ပညာသင်ကြားပေးသည်။ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းအောင် ပြုစုပျိုးထောင်ပေးသည်။ ဤသို့ ပြုလုပ်ပေးလျှင် တာဝန်ကျေပြီလော။ မကျေသေးပါ။ ကလေးများကို ယဉ်ကျေးသိမ်မွေ့စေရန်၊ စာရိတ္တကောင်းမွန်စေရန်၊ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ် မွေးမြူတတ်စေရန်၊ ပျော်ရွှင်ကျန်းမာစေရန် မြေတောင်မြှောက်ပေးရပါမည်။ ကလေးစာပေများ ရေးသားခြင်းဖြင့် မြေတောင်မြှောက်ပေးရမည် ဖြစ်ပါသည်” ဟု အဆိုပါ မြန်မာကလေးကဗျာစာတမ်းတွင် ထည့်သွင်းရေးသားထားရာ ကလေးများအပေါ်ထားရှိသော ဆရာသူရဇော်၏ စေတနာမေတ္တာကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။

ဆရာသည် အပြောသာ မဟုတ်။ လက်တွေ့လည်း ပြောသည့်အတိုင်း ကျင့်သုံးခဲ့သည်။ ကလေး များကိုချစ်သော ဆရာသူရဇော်သည် ဆရာကြီးမင်းသုဝဏ်၏ ကဗျာများအပြင် အမျိုးသားစာပေဆုရ ကဗျာများဖြစ်သော ဗန်းမော်ညိုနွဲ့၏ အရုဏ်ဦး(၁၉၆၃)၊ မောင်မျိုးမြတ်၏ ငယ်ငယ်ရွှယ်ရွှယ် (၁၉၆၄) နှင့် သန်းဌေး၏ သီတာရေကြည် (၁၉၆၅) တို့ကို လေ့လာပြီး “ရောင်နီဦးကလေး ကဗျာ” ကို ရေးသားခဲ့ရာ ၁၉၆၈ ခုနှစ်မှာ အမျိုးသားစာပေ(စတုတ္ထ)ဆု ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် “စံပယ်ဖြူ ကလေးကဗျာ” ကို ရေးသားထုတ်ဝေခဲ့ပြီး နှစ် ၄၀ အကြာ ၂၀၁၃ ခုနှစ်တွင် “သမီးရွှေစင်တုံး ကလေးကဗျာ” စာအုပ်ကို ကလေးများ ဖတ်ရှုပြီး အသိပညာဗဟုသုတ တိုးကာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့နိုင်ပါစေ၊ လိမ္မာရေးခြားရှိပါစေ၊ ပညာထူးချွန်ထက်မြက်နိုင်ပါစေ ဟူသော မုဒိတာနှလုံးသားဖြင့် ရေးသားသီကုံး ထုတ်ဝေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ‘နိုဘယ်မြန်မာစာပေပွဲတော်’ ကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ်ဆက်တိုက် ပြုလုပ်ခဲ့ရာ ဒုတိယနှစ်တွင် ‘ကလေးစာပေ’ ကို အဓိကထား ဆောင်ရွက်ကြသည်။ ယင်း ၂၀၁၆ ခုနှစ် နိုဘယ်မြန်မာစာပေပွဲတော် အထိမ်းအမှတ်အဖြစ် ‘ရွှေမြန်မာကလေးကဗျာများ’ စာအုပ်ကို ဆရာက ရေးသားထုတ်ဝေခဲ့သည်။ ကလေးတို့ သိသင့်သိထိုက်သော အကြောင်းအရာစုံ ကဗျာ ၇၅ ပုဒ် ပါဝင်သည်။ ဆရာသူရဇော်က သူ၏အသက် ၇၅ နှစ်ပြည့်နှင့် တိုက်ဆိုင်သည်ဟုလည်း ဆိုထားပါသည်။

### ဆရာသူရဇော်၏ စာပေအကျိုးဆောင်မှုများ

ဆရာသူရဇော်သည် ၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ စတင်ဖွဲ့စည်းသည်မှစ၍ ကြည့်မြင်တိုင်မြို့နယ် စာပေလုပ်သားအဖွဲ့ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်အထိ သက်တမ်း နှစ်ကြိမ်ဆက်၍ အမှုဆောင်အဖြစ်







တာဝန်ထမ်းဆောင်ခဲ့ပြီး တတိယသက်တမ်း ၁၉၈၈ ခုနှစ်တွင် ကြည့်မြင်တိုင်မြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ဆရာသည် မြို့နယ်စာပေလုပ်သားအဖွဲ့များ၏ မဂ္ဂဇင်းများကို တာဝန်ခံလုပ်ဆောင်ပေး၍ ပန်းချီ၊ စက္ကူဖိုး၊ စာစီခ၊ ရိုက်ခ၊ ချုပ်ခများအတွက် ဘောက်ချာအတိုင်း ရှင်းစေသည်။ သူ့အတွက် ပရုဖတ်၊ ဖောင်ကိုင်ခကိုသာ ဥာဏ်ပူဇော်ခ ယူသည်ဟု ဆိုပါသည်။

ဆရာသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် နှစ်ပေါင်းများစွာ စာပေအကျိုးသယ်ပိုးခဲ့သည်။ သယ်ပိုးဆဲဖြစ်သည်။ နောင်တွင်လည်း ဆက်လက်သယ်ပိုးဦးမည် ဖြစ်ပေသည်။

ထိုသို့ စာပေဆုရွေးချယ်ရေး တာဝန်များသာမကသေး။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်း (နှစ်ချုပ်) စာအုပ်အတွက် ဖွဲ့စည်းထားသော မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် ယနေ့ထိတိုင် အားကြိုးမာန်တက် သယ်ပိုးထမ်းဆောင်လျက်ရှိပေသည်။

ဆရာသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မြန်မာစာချစ်မြတ်နိုးသူများအသင်း (မြန်-စာ-ချစ်) တွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာစာပေပြန့်ပွားရေးအသင်း (မြန်-စာ-ပြန့်) တွင် နာယကအဖြစ် လည်းကောင်း အားမာန်အပြည့်ဖြင့် တက်စုံရှက်စုံလွှင့်ကာ ရှေ့သို့ ချီတက်ဆဲ၊ ရှေ့တန်းက တက်ကြွစွာ ပါဝင်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

### အစားအသောက်အတွက် ဝန်မပိစေလိုသော ဆရာ

မြန်မာနိုင်ငံအနှံ့ မြို့နယ်များသို့ စာပေဟောပြောပွဲသွားသည့်အခါ မြို့ခံများက စာရေးဆရာများကို ဒေသထွက်သား၊ ငါး ဟင်းအစုံချက်ပြုတ်ပြီး အလျှံပယ်ဧည့်ခံကျွေးမွေးရာ ဆရာသူရဇော်က မတို့မထိဘဲ ကြက်ဥတစ်လုံးသာ ကြော်ခိုင်းပြီး ထမင်းစားကြောင်း၊ တစ်ခါတစ်ရံ လက်ဖက်သုပ်ဖြင့် ထမင်းပြီးသွားကြောင်း၊ တစ်ခါတလေ ဘာလချောင်ကြော်နှင့် ကိစ္စပြီးသွားကြောင်း အတူသွားဖော် ဆရာ ဆရာမများ၏ အမှတ်တရရေးသားချက်များအရ သိရပါသည်။

ဆရာသည် ငယ်စဉ်ကတည်းက ခြေလေးချောင်းသား၊ ခြေနှစ်ချောင်းသား (ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ) မစားဘဲ ပုစွန်နှင့် ငါးသာ စားသော်လည်း အကြေးခွံပါသော ငါးသာ စားသည်။ ပုစွန်စား၍ ပုစွန်တုပ်ချက်ကျွေးလျှင်လည်း ပုစွန်အကောင်ကြီး၍ မတို့ထိဟု ဆို၏။ ဆရာသည်ယစ်မူးစရာယမကာကိုလည်း လုံးဝ မသောက်မစား၊ မမှီဝဲ၊ မခံမင်။ ဆေးလိပ်လည်း မသောက်။ ကွမ်းလည်း မစား။ မကောင်းမှုမှန်သမျှ ဘာမှမလုပ်ဘဲ ပဋ္ဌာန်းကျမ်းတော်ကြီးကို နေ့စဉ်မပျက်ရွတ်ဖတ်ပူဇော်သည့် ကောင်းမှုကြောင့် ဆရာသူရဇော် ဤမျှအထိ ကျန်းမာဖျတ်လတ်နုပျိုအရွယ်တင်နေခြင်း ဖြစ်သည်ဟု ကျွန်မ ထင်ပါသည်။

### စာပေမောင်နှံ

ကျွန်မ ငါးတန်း၊ ခြောက်တန်း အလယ်တန်းကျောင်းသူဘဝက အိမ်တွင် အစ်မများဖတ်သော ၁၅ ရက်တစ်ကြိမ်ထုတ် တိုင်းရင်းမေဂျာနယ်နှင့် ဆုံစည်းခွင့်ရခဲ့ပါသည်။ လက်ပွန်းတတီး ရှိခဲ့ပါသည်။ ထိုစဉ်ကတည်းက ခင် (တိုင်းရင်းမေ) ဟူသော ကလောင်အမည်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။

နောင်တွင် ကျွန်မအယ်ဒီတာတာဝန်ထမ်းဆောင်ရာ စာပေဗိမာန်ရုံးတွင် ကျင်းပသော စာပေဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် အခြားသော ပုဂ္ဂလိကစာပေဆုပေးပွဲများ၊ စာပေဆိုင်ရာလှုပ်ရှားမှုအခမ်းအနားများတွင် ဆရာသူရဇော်နှင့် အမြဲအတူတကွ လိုက်ပါလာလေ့ရှိသော ဆရာ့ဇနီးကို တွေ့ရ၊ ဆုံရ၊ ကြုံရစဉ် ရှေ့သွားနောက်လိုက်ညီသော သာမန်ပါရမီဖြည့်ဖက်ဟုသာ ထင်ခဲ့မိပါသည်။ ငယ်စဉ်ကတည်းက စိတ်ထဲစွဲထင်လေးစားခဲ့သော အယ်ဒီတာ ခင်(တိုင်းရင်းမေ)မှန်း မသိခဲ့။

နောင်အကြောင်းတိုက်ဆိုင်လာတော့မှ ဆရာ့ဇနီးမှာ တိုင်းရင်းမေဂျာနယ် အယ်ဒီတာ ခင်(တိုင်းရင်းမေ) ဖြစ်ကြောင်း သိလာရပါသည်။ သည်တော့မှ ဆရာတို့ဇနီးမောင်နှံမှာ ဆရာကြီးလူထု ဦးလှနှင့် လူထုဒေါ်အမာ၊ ဆရာကြီး တက်တိုးနှင့် ဆရာမကြီးနုယဉ်၊ ဂျာနယ်ကျော်ဦးချစ်မောင်နှင့် ဂျာနယ်ကျော် မမလေး၊ ဆရာကြီးမင်းယုဝေနှင့် ဆရာမကြီးငွေတာရီတို့ကဲ့သို့သော စွယ်တော်ရှက် စာပေမောင်နှံမှန်းသိပြီး လေးစားချစ်ခင်ခဲ့ရပါသည်။

ဆရာသူရဇော်နှင့် ဆရာမ ခင် (တိုင်းရင်းမေ) တို့သည် ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် လက်ထပ်ခဲ့ပါသည်။ နှစ်ကိုယ်တူ မေတ္တာမျှကြ၍ ချစ်ခရီးစခဲ့ကြသည်မှ ဆူကြံ့နိမ့်မြင့် ကြမ်းတမ်းလှသည့် ဘဝခရီးကို ငြူစူမရှိ ပြုံးအတိဖြင့် ဖြတ်သန်းခဲ့ကြရာ သားသမီးငါးဦး ပွားစီးလာခဲ့ပါသည်။

ဆရာတို့ ဇနီးမောင်နှံသည် အများကောင်းကျိုး၊ မိတ်ဆွေများအကျိုးကို တက်ညီလက်ညီ သယ်ပိုးထမ်းဆောင်နေသူများဖြစ်ကြောင်း စာပေအသိုက်အဝန်းမှ အပေါင်းအသင်းရောင်းရင်းများ အားလုံး သိကြပေသည်။ ဆရာ့ထံ အကြောင်းကိစ္စတစ်ခုဖြင့် မည်သူက အကူအညီ လာတောင်းသည်ဖြစ်စေ ကုန်ကျစရိတ်အဝဝကို ဆရာ့အိတ်ထဲက စိုက်ထုတ်ပြီး ကူညီပေးစမြဲ ဖြစ်သည်။ ထို့ကြောင့် သူတို့စာပေမောင်နှံကို ‘ဇော် အိတ်စိုက်အင်တာပရိုက်စ်’ ဟု ရင်းနှီးသူများကပြောသည်ကိုသဘောကျရယ်မောနေတတ်ကြသည်။

ဤသို့ဖြင့် စိတ်တူကိုယ်တူ၊ ဝါသနာတူ ဆရာတို့ဇနီးမောင်နှံမှာ အိမ်ထောင်သက် နှစ် ၅၀ မင်္ဂလာရွှေရတုခရီးသို့တိုင် အတူလျှောက်လှမ်းရင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၅) ရက်တွင် ဆရာမ ခင် (တိုင်းရင်းမေ) က အရင်ဦးစွာ လက်တွဲဖြုတ်သွားခဲ့ပါသည်။

ဆရာသည် ၂၀၁၇ ခုနှစ်တွင် ဇနီးသည် ခင် ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရအဖြစ် “ပါရမီဖက် ခင်” စာအုပ်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် “ခင့်အတွက် သုံးနှစ်ပြည့်အလွမ်း” (ရွှေရတု အိမ်ထောင်သက်မှတ်တမ်း) ကဗျာများကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ခင်ကွယ်လွန်ခြင်း ငါးနှစ်ပြည့် “အိမ်ထောင်သက်တမ်း ကဗျာပန်း” စာအုပ်ကိုလည်းကောင်း ထုတ်ဝေပြီး ဇနီးသည်အပေါ်ထားရှိသော ဆရာ၏ မေတ္တာ၊ စေတနာ၊ အကြင်နာတို့ကို လှစ်ဟပြခဲ့ပါသည်။

### အသက်ရာကျော် ဆရာသူရဇော်

၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကိုရရှိစဉ် ကြေးမုံသတင်းစာက တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဆရာသူရဇော်က “အခုလို ကျွန်တော့်အနေနဲ့ အမျိုးသားစာပေတစ်သက်တာဆုရတဲ့အတွက် ၁၈ နှစ်သားမှစလို့ ကဗျာကို အစွမ်းကုန်လေ့လာရေးဖွဲ့ခဲ့ပြီး ဘဝတစ်လျှောက် ကဗျာကိုအခြေခံတဲ့စာပေတွေရေးသားခဲ့ရကျိုး၊စာပေကိစ္စအဝဝကို ယခုအသက် ၈၀ကျော်အထိ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရကျိုးနပ်ပြီလို့ ခံယူမိတယ်။ လတ်တလောမှာလည်း ကလောင်နှစ်မျိုးနဲ့ ကဗျာတွေ၊ စာတွေ ရေးသားနေဆဲဖြစ်ပြီး နောင်မှာလည်း စာရေးနိုင်သေးသရွေ့ ကလောင်ကို ခိုင်ခိုင်မြဲမြဲစွဲကိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ စာပေဆိုတာ လေ့လာလိုက်စားလို့ မကုန်ခန်းနိုင်တဲ့ ရတနာတစ်မျိုးလို့ ခံယူထားပါတယ်။ အနာဂတ်လူငယ်တွေအနေနဲ့ ပြောရရင် စာပေသည်သာ ဘဝရဲ့ မီးရှူးတန်ဆောင်လို့ သဘောပိုက်ပြီး ဖတ်ရှုလေ့လာခြင်း၊ ရေးသားခြင်းတွေ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ပါစေလို့ တိုက်တွန်းလိုပါတယ်” ဟု ပြောကြားခဲ့ပါသည်။

“စာရေးနိုင်သေးသရွေ့ ကလောင်ကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်သွားမယ်”ဟု ဆုံးဖြတ်ထားသော ဆရာသူရဇော်သည် ယခုအခါ ထုတ်ခဲ့ပြီးသော ကဗျာစာအုပ်များတွင် မပါသေးသည့် ပုဒ်ရေ ၄၅၀ ကျော်မျှရှိသော ကဗျာ၊ ရှစ်လုံးဘွဲ့၊ တေးထပ်၊ ရတုများကို ၁၉၆၀-၁၉၈၀၊ ၁၉၈၁-၂၀၀၀၊ ၂၀၀၁-၂၀၂၀ ဟူ၍ ကဏ္ဍခွဲကာ စာမူပါခဲ့သော စာစောင်၊ မဂ္ဂဇင်းများမှ ကောက်သင်းကောက် စုဆောင်းနေပြီး စာအုပ်အဖြစ်ထုတ်ဝေရန် စိုင်းပြင်းလျက်ရှိကြောင်း သိရပါသည်။ ဆရာ့ဆန္ဒ အာသီသလည်း အမြန်ဆုံးပြည့်ဝအောင်မြင်ပါစေ၊ စာပေအပေါ် ဆန္ဒဖြစ်ပေါ်သမျှ စွမ်းဆောင်နိုင်ပါစေဟု လှိုက်လှိုက်လှဲလှဲ ဆုမွန်ခြွေမိပါသည်။

မြန်မာစာပေ၊ မြန်မာကဗျာ၊ မြန်မာဂန္ထဝင်စာပေကို တန်ဖိုးထားမြတ်နိုးသည့် ဆရာသူရဇော်သည် “အသက်ရာကျော်ဆရာသူရဇော်” ဖြစ်သည်အထိ သက်ရှည်ကျန်းမာပါစေ၊ အသက်ရှည်သမျှ ကာလပတ်လုံး ဆရာဆုံးဖြတ်ထားသည့်အတိုင်း ကလောင်ကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်လျက် နိုင်ငံတော် အကျိုး၊ စာပေအကျိုးကို ယခုကဲ့သို့ သွက်လက်ဖျတ်လတ်စွာ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုလိုက်ရပါသည်။

**ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ**

၁။ မြန်မာနိုင်ငံစာပေဆုများ (ဒဂုန်ရွှေမျှား)
၂။ မြန်မာကဗျာစာတမ်းများ (ဒုတိယတွဲ)
၃။ သိပ္ပံမောင်ဝ ရာပြည့်စာတမ်းများ (ရွှေစာပေတိုက်)
၄။ ၁၉၉၅ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု လက်ကမ်းစာအုပ်
၅။ ၂၀၂၀ ပြည့်နှစ်၊ အမျိုးသားစာပေဆု လက်ကမ်းစာအုပ်
၆။ ဆရာသူရဇော် စာစုစာရင်း (၁၉၆၅-၂၀၀၂) (မသင်းသွယ်သွယ်လှိုင်၊ စာကြည့်တိုက်နှင့် သုတပညာဌာန)
၇။ ဆရာသူရဇော် စာစုစာရင်း (၂၀၀၃-၂၀၁၃) (မောင်အောင်စည်ဟိန်း၊ စာကြည့်တိုက်နှင့် သုတ ပညာဌာန)
၈။ သူရဇော် သို့မဟုတ် ဂန္ထဝင်ကဗျာ အမြုတေ (ဆရာသူရဇော်၏ အသက် (၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုမော်ကွန်းစာများ)
၉။ ဆရာသူရဇော် ရေးသားခဲ့သော စာအုပ်များ

## ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် (ရေသန့်လျှပ်စစ်အပါအဝင်) RC အဆောက်အဦ(၄)လုံးတို့အား လွိုင်ကော်မြို့တွင်တည်ဆောက်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ လုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|
| (၁) လွိုင်ကော်မြို့၊ ဝန်ထမ်းအိမ်ရာစခန်း ဒေါ်ဥခူရပ်ကွက် | အဆောက်အဦဆောက်လုပ်ခြင်း (၄)ခန်းတွဲ (၅)ထပ်၊ RC | (1) |
| (၂) လွိုင်ကော်မြို့၊ ဝန်ထမ်းအိမ်ရာစခန်း ဒေါ်ဥခူရပ်ကွက် | အဆောက်အဦဆောက်လုပ်ခြင်း (၄)ခန်းတွဲ (၅)ထပ်၊ RC | (2) |
| (၃) လွိုင်ကော်မြို့၊ ဝန်ထမ်းအိမ်ရာစခန်း ဒေါ်ဥခူရပ်ကွက် | အဆောက်အဦဆောက်လုပ်ခြင်း (၄)ခန်းတွဲ (၃)ထပ်၊ RC | (3) |
| (၄) လွိုင်ကော်မြို့၊ ဝန်ထမ်းအိမ်ရာစခန်း ဒေါ်ဥခူရပ်ကွက် | အဆောက်အဦဆောက်လုပ်ခြင်း (၄)ခန်းတွဲ (၃)ထပ်၊ RC | (4) |

၂။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂-၅-၂၀၂၂ရက် (တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းလွဲ ၂နာရီ
၃။ တင်ဒါဖွင့်မည့်ရက် - တင်ဒါဖွင့်မည့်ရက်အား ထပ်မံကြေညာပါမည်။
၄။ Lot(၁)ခုလျှင် တင်ဒါလျှောက်လွှာ(၁)စောင်နှုန်းဖြင့် Lot(၄)ခုအတွက် တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနတွင်(၁၈-၄-၂၀၂၂)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

ပြည်နယ်ညွှန်ကြားရေးမှူးရုံး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်(၄)လမ်း၊ ဒေါ်ဥခူရပ်ကွက်
ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၂၃၀၇၆

# ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် မြန်မာ ယူ-၂၂ အသင်း ယူအေအီးနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၇**

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယူအေအီးနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်ပြီး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် မြန်မာ ယူ-၂၂ အသင်းသည် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှတစ်ဆင့် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ- ဦးစည်သူဝင်း၊ နည်းပြချုပ် - ပိုပေါ့ဗ်၊ လက်ထောက်နည်းပြ- ဦးဇော်ဝင်းထွန်းနှင့် ဦးအောင်အောင်ထွန်း၊ ဂိုးနည်းပြ - ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုးသမား- ပြည့်ဖြိုးသူ၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ အောင်ကိုလတ်၊ နောက်တန်း - သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ ဝင်းမိုးကျော်၊ ရဲမင်းသူ၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ရဲလင်းထက်၊ နောင်နောင်စိုး၊ အလယ်တန်း- ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ နန်းထိုက်ဇော်၊ ရန်ကျော်စိုး၊ အောင်နိုင်ဝင်း၊ ရှေ့တန်း- ရဲရင့်အောင်၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ရာဇာအောင်နှင့် သန်းပိုင်တို့ပါဝင်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဒူဘိုင်းမြို့တွင် နှစ်ပတ်ဝန်းကျင် သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ယူအေအီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယူအေအီးနိုင်ငံမှတစ်ဆင့် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ပဏာမကစားသမား ၃၁ ဦးဖြင့် ဖွဲ့စည်းထားပြီး အသက်ကျော်ကစားသမားသုံးဦး ထည့်သွင်းအသုံးပြုခွင့်ရမည်ဖြစ်သောကြောင့် ယင်းသုံးနေရာအတွက် ပဏာမကစားသမားရှစ်ဦးကိုပါ ထည့်သွင်းရွေးချယ်ထားခြင်းဖြစ်သည်။ ယခုခရီးစဉ်တွင် အသက်ကျော်ကစားသမားများနေရာအတွက် ရွေးချယ်ထားသူများအနက် ပြည်ပကလပ်များတွင် သွားရောက်ကစားနေသူများ မပါဝင်ဘဲ လက်ရှိအသင်းနှင့် ပူးပေါင်းနေသူများကိုသာ ခေါ်ဆောင်သွားခြင်းဖြစ်သည်။ **ရဲရင့်လွင်**

# အက်ဖ်အေဖလားဆီမီးဖိုင်နယ်တွင် မန်စီးတီးကို လီဗာပူးကနိုင်ပြီး ချယ်ဆီးက ပဲလေ့စ်ကို အနိုင်ယူ

အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်မှ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို ဧပြီ ၁၆ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားပြိုင်ပွဲဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်၌ ဦးဆောင်ဂိုးကို လီဗာပူးအသင်းက ပွဲချိန်ကိုးမိနစ်တွင် စတင်ရရှိခဲ့ပြီး ကိုနာတေးက သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရသော်လည်း မန်စီးတီးအသင်း၏ ကစားအားတက်လာခြင်းမရှိဘဲ လီဗာပူးအသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ လီဗာပူးအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၁၇ မိနစ်နှင့် ၄၅ မိနစ်တွင် မာနေးက သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်း ကစားအားတက်လာပြီး ချေပဂိုးများ ရရှိခဲ့သည်။ ပွဲချိန် ၄၇ မိနစ်တွင် ဂျီးဆပ်၏ ဖန်တီးမှုမှ ဂရီးလစ်ချ်က ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မန်စီးတီးအသင်း ချေပဂိုးရရှိခဲ့သည်။ မန်စီးတီးအသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ဆေးလ်ဗားက သွင်းယူပေးခဲ့သည်။ ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် လီဗာပူးအသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းကြား ဂိုးကန်သွင်းမှုအပိုင်း၊ ဂိုးပေါက်တည့်မတ်မှုအပိုင်းတွင် သိသိသာသာ ကွာခြားခြင်းမရှိသော်လည်း အဆုံးသတ်သေချာသည့် လီဗာပူးအသင်းက အနိုင်ရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခြင်း ဖြစ်သည်။

ချယ်ဆီးနှင့် ပဲလေ့စ်တို့၏ ဆီမီးဖိုင်နယ် ဒုတိယ ပွဲစဉ်ကို ဧပြီ ၁၇ ရက်က ယှဉ်ပြိုင်ကစားရာ ချယ်ဆီးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အက်ဖ်အေဖလားဗိုလ်လုပွဲကို မေ ၁၄ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ရာ လီဗာပူးနှင့် ချယ်ဆီးတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **အောင်ဇော်**




## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လျှောက်လွှာခေါ်ယူခြင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ (စက်မှု/သွားလာဌာနခွဲ)တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) တန်း စက်ခေါင်းမောင်း(၅)ဆီလောင်း (၁၆၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁-၄-၂၀၂၂)နေ့တွင်အသက်(၃၀)နှစ် ဝန်ထမ်းဖြစ်ပါက(၃၅နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) အခြေခံပညာအထက်တန်းအောင်မြင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အမြင်အာရုံကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်/မျက်ကပ်မှန် တပ်ဆင်ထားသူများမဖြစ်စေရ။ အရောင်ခွဲခြားသိမြင်နိုင်သူများဖြစ်ရမည်။(Colour Blind မဖြစ်စေရ)
(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား Website ဖြစ်သော www.myanmarailways.gov.mm ၏ homepage တွင်download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာဌာနခွဲ) နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၇) ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၃)မန္တလေးရုံးတို့တွင် လည်းကောင်း ရယူနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)
(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် ကတ်ပြား(မိတ္တူ)
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်(မူရင်း)

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော်ဘူတာကြီးထံလိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ (၆-၅-၂၀၂၂)နေ့အရောက် ပေးပို့လျှောက်ထားရမည်။ ရန်ကုန်ဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၇)ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း) တိုင်းအမှတ်(၃)မန္တလေးရုံးတို့တွင်လည်း (၆-၅-၂၀၂၂)နေ့ အရောက်ကိုယ်တိုင်ပေးပို့လျှောက်ထားနိုင်သည်။ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံ(၃)ပုံနှင့်အတူ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန် ပေးပို့ လာသောလျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၉-၅-၂၀၂၂ | မြန်မာစာ | နံနက်(၉:၀၀)မှ (၁၁:၀၀)နာရီအထိ |
| (ခ) | ၁၉-၅-၂၀၂၂ | အင်္ဂလိပ်စာ | မွန်းတည့်(၁၂:၀၀)မှ (၁၄:၀၀) နာရီအထိ |
| (ဂ) | ၁၉-၅-၂၀၂၂ | အထွေထွေဗဟုသုတ | မွန်းလွဲ(၁၅:၀၀)မှ (၁၇:၀၀) နာရီအထိ |

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၇-၅-၂၀၂၂)နေ့မှ (၁၈-၅-၂၀၂၂)ရက်နေ့အထိ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ အခြေခံပညာအထက်တန်းအောင်လက်မှတ် အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)တို့ကိုပြသ၍ ရန်ကုန်စာစစ်ဌာနအတွက်၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၇) ရန်ကုန်ရုံး၊ မန္တလေးစာစစ်ဌာနအတွက် မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၃)မန္တလေးရုံးနှင့် နေပြည်တော်စာစစ်ဌာနအတွက် စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော် ဘူတာကြီးတို့တွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြော်ငြာထားပါမည်။

၇။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှုဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဖြေဆိုခွင့်ရရှိသူများ စာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း၊ လူတွေ့ဖြေဆိုရမည့်နေ့ရက်၊ နေရာအချိန်နှင့် ရွေးချယ်ခံရသူများစာရင်းတို့အား မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော်ဘူတာကြီးတွင်လည်းကောင်း၊ မြန်မာ့ မီးရထား Website တွင်လည်းကောင်း ကြော်ငြာပေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၁၂)ပတ် တက်ရောက်ရမည်။

၉။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား (ရုံးချုပ်) ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၆၇-၇၇၁၁၄၊ ၇၇၀၄၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လျှောက်လွှာခေါ်ယူခြင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း အလုပ်ရုံစိတ်မှူး(စက်မှု) (လျှပ်စစ်) (၄၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| ခန့်ထားမည့်ရာထူး | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|
| အလုပ်ရုံစိတ်မှူး (စက်မှု) | A.G.T.I (MP, MT, Mechatronic) | ကျား (၃၀)ဦး၊ မ (၄)ဦး |
| အလုပ်ရုံစိတ်မှူး (လျှပ်စစ်) | A.G.T.I (EC, EP, Mechatronic) | ကျား (၆)ဦး |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁-၄-၂၀၂၂)နေ့တွင် အသက် (၃၀)နှစ် ဝန်ထမ်းဖြစ်ပါက (၃၅နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကိုမြန်မာ့မီးရထား Website ဖြစ်သော www.myanmarailways.gov.mm ၏ homepage တွင် download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်း(၇)ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်း(၃)မန္တလေးရုံးတို့တွင်လည်းကောင်း ရယူနိုင်ပါသည်။

၄။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)
(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ် မိတ္တူနှင့် တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ
(ဃ) နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင် ကတ်ပြားမိတ္တူ
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်) ထံ လိပ်မူ၍ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးသို့(၉-၅-၂၀၂၂)နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပို(၃)ပုံနှင့်အတူ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ်၊ နေပြည်တော်ဘူတာကြီးသို့ နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။ လျှောက်လွှာပိတ် ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက် မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် အောက်ပါအတိုင်းကျင်းပပြုလုပ်မည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၅-၅-၂၀၂၂ | မြန်မာစာ | နံနက်(၉:၀၀)မှ (၁၁:၀၀)နာရီအထိ |
| (ခ) | ၁၅-၅-၂၀၂၂ | အင်္ဂလိပ်စာ | မွန်းတည့်(၁၂:၀၀)မှ(၁၄:၀၀)နာရီအထိ |
| (ဂ) | ၁၅-၅-၂၀၂၂ | အထွေထွေဗဟုသုတ | မွန်းလွဲ(၁၅:၀၀)မှ (၁၇:၀၀)နာရီအထိ |

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို (၁၂-၅-၂၀၂၂)မှ(၁၃-၅-၂၀၂၂)ရက်နေ့အထိရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)များပြသ၍ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီး တွင်ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကဒ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြော်ငြာထားပါမည်။

၈။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ရမည်။

၉။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှုဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဖြေဆိုခွင့် ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း ၊ လူတွေ့ ဖြေဆိုရမည့် နေ့ရက် နေရာနှင့်အချိန် ၊ ရွေးချယ်ခံရသူများစာရင်းတို့အား မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးတွင်လည်းကောင်း၊ မြန်မာ့မီးရထား Website တွင် လည်းကောင်း ကြော်ငြာပေးမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား (ရုံးချုပ်) စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၇၇၁၂၆၊ ၀၆၇-၇၇၁၄၆ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၄-၂၀၂၂** ရက်နေ့မှ စတင်၍ **၁၉-၆-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

# ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး
# နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ် အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈) မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ်တို့အား နေ့စဉ် အရဏ်ဆွမ်းအတွက် တစ်နှစ်လျှင် သုံးကြိမ် ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိခြင်း၊ အထက်ပါ စာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်လှူဒါန်းခြင်း ၊ စာမေးပွဲအသီးသီးအောင် အရှင်သူမြတ်တို့အားလည်း လှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်းဆောင်ရွက်ခဲ့သည်မှာ ၉၆ နှစ်တိုင်ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်းကြီး ပိဋကစာကြည့်တိုက်နှင့် သာသနာတော်ပြန့်ပွားရေးအတွက် ဘာသာရေးဆိုင်ရာ သင်တန်းများကိုလည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ကပ်ရောဂါများ ကင်းစင်ပျောက်ကွယ်သွားပြီဟု သံသယရှင်းသည့်အချိန်တွင် ယခင်ဖွင့်နေကျသင်တန်းများကို အခမဲ့ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်စဉ် အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှ အကျိုးဆောင်များ၏ ကူညီဆောင်ရွက် လှူဒါန်းပေးမှုနှင့်အတူ စေတနာ သဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံစုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသား ၊ ဝန်ထမ်းများမှ အစပြု၍ မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ၊ COVID-19 ကပ်ရောဂါမှ လုံး၀(လုံး၀) ကင်းဝေးကြလျက် ဘာသာ၊ သာသနာအကျိုးဆတက်ထမ်းပိုး သယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကယားပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းပေးနိုင်ပါရန် ကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၄-၂၀၂၂ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၇-၅-၂၀၂၂ရက်(အင်္ဂါနေ့) ၄:၃၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့် အချိန်** - ထပ်မံကြေညာပါမည်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ လွိုင်ကော်မြို့

၂။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၅၁၉၀၂၉၁၊ ၀၉-၅၂၈၃၂၆၀၊ ၀၉-၄၂၀၇၃၀၃၉၈၊ ၀၉-၄၅၆၀၀၈၀၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်မီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ် မီးသတ်ဦးစီးဌာနမှ ၂၀၂၂ခုနှစ် ဧပြီလ မှ ၂၀၂၃ခုနှစ် မတ်လအထိ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နန်းမယ်မုံနယ်မြေမီးသတ်စခန်း (၂၅%)ဆက်လက်တည်ဆောက်ခြင်း၊ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ သူနာတင်ယာဉ်၊ မီးသတ်ပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၅-၄-၂၀၂၂ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၉-၄-၂၀၂၂ရက်၊ ညနေ ၄:၄၀နာရီအထိ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံး

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက် သိရှိလိုပါက ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့ ၀၈၃-၂၂၄၀၃၁၊ ၀၈၃-၂၂၄၁၇၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**သင့် သွေးဖြင့် အသက် ကယ်ပါ**




သစ် ပင် နည်း လာ တို့ ကမ္ဘာ လွန် စွာ ပူ အေး ဥ တု ဘေး

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၁၃၈၄ ခုနှစ်၊ နှစ်သစ်မင်္ဂလာချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သောစေတနာ၊ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူကူညီလှူဒါန်းကြသူအလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

ဖုန်း – ၀၁၉၅၄၁၇၉၆၊ ၀၁၉၅၄၁၇၉၇၊ ၀၁၉၅၄၆၁၉၆ (လိုင်းခွဲ) ၄၀၇၊ ၄၀၈

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
(၂၁) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။


**သစ်တောမှန်လျှင်**
**အသုံးဝင်၊**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပစ္စည်းဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂–၂၀၂၃ ခုဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်မြိတ်မြို့ လုံခြုံရေးကင်မရာ CCTV " Myeik Smart City CCTV Security" အတွက် လိုအပ်သည့်ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၂၀–၆–၂၀၂၂ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၄–၅–၂၀၂၂ရက်၊ ညနေ ၁၆:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** – ၅–၅–၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ
(ဃ) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** – တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်–

ဖုန်း–၀၅၉–၂၀၂၂၅၉၁/၂၃၅၆၄

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက် (လုပ်ငန်းတစ်ရပ်လုံးတင်ဒါ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့မှ ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သော ရွှေတောင်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် မိုးညိုမြို့နယ်တို့တွင် ဆောင်ရွက်ရန်လျာထားသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံး အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** – ၁၈–၄–၂၀၂၂ရက်မှ ၁–၅–၂၀၂၂ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံးထား တင်သွင်းရမည့်ရက်** – ၂–၅–၂၀၂၂ရက် (၁၆:၃၀)နာရီ

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်/အစီအစဉ်** – ဌာနမှဆက်သွယ်အကြောင်းကြားပါမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့၊ ဖုန်း–၀၅၂–၂၂၄၁၆၁နှင့် ၀၅၂–၂၂၀၀၂၄၇ သို့မဟုတ် bagodwirdwir@gmail.com တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် တည်ဆောက်ထားသော ပြည်နယ်ကြက်ခြေနီ သိုလှောင်ရုံအတွင်းတွင် ပစ္စည်းတင်သည့်စင်များတပ်ဆင်ခြင်းလုပ်ငန်း (Pallet Racking System Installation) ဆောင်ရွက်မည်ဖြစ်သည့်အတွက် အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့် အချိန်နှင့် ရက်** – ၁၈–၄–၂၀၂၂ရက်၊ နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ
**တင်ဒါပုံစံများနောက်ဆုံးထုတ်ယူ ရမည့်အချိန်နှင့် ရက်** – ၂–၅–၂၀၂၂ရက်၊ နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်း ရမည့်အချိန်နှင့် ရက်** – ၉–၅–၂၀၂၂ရက်၊ နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ
**တင်ဒါပုံစံများထုတ်ယူရမည့်နေရာ**

**(နေရာ–၁)** မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၄၂)၊ ကမ်းနားလမ်း စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန ဆက်သွယ်ရန်ဖုန်း (၁) ၀၉–၄၄၃၂၇၂၀၁၄၊ ဆက်သွယ်ရန်ဖုန်း(၂) ဦးကြည်သာအောင်မြိမ့် ၀၉–၈၉၅၃၈၅၇၇၀

**(နေရာ–၂)** ရခိုင်ပြည်နယ်စီမံကိန်းလုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စစ်တွေရုံးခွဲ၊ ဇောဓိလမ်း၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်၊ ဆက်သွယ်ရန် ဦးကျော်မင်းသိန်း ၀၉–၄၄၀၃၅၃၂၀၅

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း ၀၉–၄၄၃၂၇၂၀၁၄၊ ၀၉–၈၉၅၃၈၅၇၇၀တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်း ထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူ ချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ကယားပြည်နယ်လမ်း / တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂–၂၀၂၃ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်တို့မှ တာဝန်ယူဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** – ၂၅–၄–၂၀၂၂ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** – ၁၀–၅–၂၀၂၂ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်** – ၁၅–၅–၂၀၂၂ရက် ၀၉:၀၀နာရီ
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကယားပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်အသေးစိတ်ကိုသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

ဖုန်း–၀၈၃–၂၂၂၁၄၉၄၊ ၀၈၃–၂၂၂၁၀၀၈၊ ၀၈၃–၅၀၁၀၂

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)
## စမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်(၃)

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၉)မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အတွင်းရှိ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရေငန်တားတာများ ပုံစံကျအခိုင်အမာပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် ဒီဇယ်ဆီ(H.S.D)များအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်–

**အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – ၁၈–၄–၂၀၂၂ရက်
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** – ၂၇–၄–၂၀၂၂ရက် ညနေ ၄:၀၀နာရီ
**အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းခြင်းပိတ်မည့်ရက်/အချိန်** – ၂၉–၄–၂၀၂၂ရက် ညနေ ၄:၀၀နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** – ၄–၅–၂၀၂၂ရက် မွန်းလွဲ (၁:၀၀)နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** – တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ဆည်မြောင်းရိပ်သာ၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂။ တင်ဒါလျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း–၀၁–၆၆၄၇၆၇၊ ၀၁–၆၆၄၅၁၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ ဒိုင်းဝန်းကွင်းလမ်း၊ အိမ်အမှတ်(၈၄)နေ (ဘ)ဦးထွန်းရှိန်(ခ)ဦးထွန်းစိန်၏ သမီးဖြစ်သူ ဒေါ်အေးလှိုင် ၁၀/မလမ(နိုင်)၀၅၃၂၁၀ မှ မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ ပန်းတိမ်တန်းရပ်၊ အကွက်အမှတ်(၅/ကျိုက်ဖနဲ)၊ ဦးပိုင်အမှတ်(၁၄၁/က+၁၄၁/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ၀၁၇+၀ဒသမ၀၁၇)ကေ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာအမှတ်–၅၅/၂၀၂၂ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် ၅၆/၂၀၂၂တို့ အရပိုင်ဆိုင်ထားခဲ့ပြီး မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးတွင် ဘိုးဘပိုင် အမှုတွဲအမှတ်–၀၄၄/ဘိုးဘ/၂၀၂၁–၂၀၂၂အရ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်ုပ်တို့မှ အမည်ပြောင်းအမှုတွဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ခိုင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၈)**
**အမှတ်(၇)၊ အရှေ့တပ်မြေလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း–၀၉–၄၂၈၁၃၂၇၈၀၊ ၀၉–၉၆၂၆၉၉၄၄၅**

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၂ခုနှစ် ဧပြီလမှ ၂၀၂၃ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်း(တည်ဆောက်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

(က) အခြေခံပညာကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၄၉)ခု
(ခ) သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း (၃)ခု
(ဂ) စာကြည့်တိုက်အသစ်ဆောက်လုပ်ခြင်း (၉)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈–၄–၂၀၂၂ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို ၁၇–၅–၂၀၂၂ရက်၊ ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဖုန်း–၀၅၉–၂၀၂၃၉၆၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ရေပုန်းကွင်း၊ ဦးပိုင်အမှတ်(၁၃၃/၂၀၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၃၅၄/၁၉၉၉–၂၀၀၀) အရ ဦးခင်မောင်သက်–ဒေါ်မူမူစိုးတို့အမည်ဖြင့် ရရှိခဲ့ ပြီးမူလအမည်ပေါက်သူတို့၏အထူးကိုယ်စားလှယ်ရရှိသူ ဦးစိမ်းမောင်ထွေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၉၈/၂၀၁၅)ဖြင့် ဒေါ်ရွှေချိန်(ခ)ဒေါ်စမ်းစမ်းယုမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ရွှေချိန်(ခ) ဒေါ်စမ်းစမ်းယု ၆/မအရ(နိုင်)၀၂၇၀၁၆ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ဒေါ်ပန်းအိစိုးနိုင် ၁၂/မဂတ(နိုင်)၀၉၇၅၄၁ (ခ)Mee Nge Facebook Account ပိုင်ရှင်နှင့် ပတ်သက်ဆက်နွှယ်သူများ သိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ Time City Residence၊ Residence(5)၊ အခန်းအမှတ်(2102) နေ ဒေါ်သီတာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ဒေါ်သီတာအောင်နှင့် ဒေါ်ပန်းအိစိုးနိုင်(ခ)Mee Nge Facebook Accountပိုင်ရှင်တို့သည် သမီးယောင်းမတော်စပ်ပြီး၊ ဒေါ်ပန်းအိစိုးနိုင်သည် အိမ်ထောင်ရေးအဆင်မပြေမှုအပေါ် အကြောင်းပြု၍ ဒေါ်သီတာအောင်နှင့်မိသားစုဓာတ်ပုံများကို ခွင့်ပြုချက်မရှိဘဲ ၃၁–၃–၂၀၂၂ရက်တွင် Mee Nge Facebook Accountတွင် သုံးစွဲကာ Public ဖြင့် Postတင်ပြီး ဒေါ်သီတာအောင်မိသားစု ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်ပြုလုပ်ခဲ့ပြီး၊ အဆိုပါ Postကို Zar Chi Min Htun , Daw Wint War, Arbwar Lay , Oo Phyu Sin , Phyu Sin စသည့် Account ပိုင်ရှင်များမှ Share ပြုလုပ်ခြင်း၊ Commentရေးခြင်းတို့ဖြင့် ထပ်ဆင့်၍ ဒေါ်သီတာအောင်နှင့်မိသားစုဝင်တို့ ဂုဏ်သိက္ခာကျဆင်းစေရန်ပြုမူခဲ့၍ ဒေါ်သီတာအောင်နှင့်မိသားစုဝင်များမှာ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် ဒေါ်သီတာအောင်နှင့်မိသားစုဝင်တို့သည် ဒေါ်ပန်းအိစိုးနိုင်(ခ) Mee Nge Facebook Account တွင် ၃၁–၃–၂၀၂၂ရက် ကတင်ခဲ့သော Postအပါအဝင် Share လုပ်သူများ၏Post များ Comment များအား သက်သေအဖြစ် သိမ်းဆည်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြန်လည်တောင်းပန်ခြင်းကိုနိုင်ငံပိုင်သတင်းစာမှလည်းကောင်း၊ Facebook လူမှုကွန်ရက်တွင် Public ဖြင့် Postတင်၍ အနည်းဆုံး(၇)ရက်ထားရှိခြင်းဖြင့်လည်းကောင်း၊ ပြုလုပ်ပါရန်နှင့် အကယ်၍ နောက်နောင် ဒေါ်သီတာအောင်နှင့်မိသားစုဝင်များ ဂုဏ်သိက္ခာကျဆင်းစေရန် တစ်နည်းနည်းဖြင့် ပြုမူလာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီတာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဇင်မာမင်း** | **ဒေါ်အေးနန္ဒာ** |
| **LL.B, D.B.L, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၃၈)** |

**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊တာမွေမြို့နယ်**
**ဖုန်း–၀၉–၄၂၀၀၃၁၃၅၊ ၀၉–၅၀၂၇၃၂၂**

## ၃၀-၃-၂၀၂၂ရက်ထုတ်ကြေးမုံသတင်းစာပါ ဒေါ်ပန်းအိစိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်စီမံ့စံပယ်တိုးနှင့် ဦးသင်းမြတ်ဆန်းတို့၏ "အများသိစေရန်ကြေညာခြင်း" အပေါ်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ Time City Residence၊ Residence (5)၊ အခန်း အမှတ်(2102)နေ ဒေါ်သီတာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

ဒေါ်သီတာအောင်နှင့်ဦးမျိုးနိုင်သက်တို့သည့် မောင်နှမအရင်းတော်စပ်ပြီး ၂၃–၃–၂၀၂၂ရက်တွင် ဦးမျိုးနိုင်သက်သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် KIA–Carnival–5R–9420 မော်တော်ယာဉ်အား အစ်မဖြစ်သူ ဒေါ်သီတာအောင်ထံ ခေတ္တအပ်နှံထားခဲ့ခြင်းဖြစ်ပြီး၊ ယခုအခါ ဒေါ်သီတာအောင်သည် ၎င်းထံအပ်နှံထားသော KIA–Carnival–5R–9420 မော်တော်ယာဉ်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမျိုးနိုင်သက်ထံ ၈–၄–၂၀၂၂ ရက်တွင် စာချုပ်ချုပ်ဆိုပြန်လည်အပ်နှံပြီး ဖြစ်ပါသောကြောင့် KIA–Carnival–5R–9420 မော်တော်ယာဉ်နှင့်ပတ်သက်၍ ဒေါ်သီတာအောင်တွင် မည်သည့်တာဝန်မှ မရှိသလို မည်သူနှင့်မျှ တွေ့ဆုံဖြေရှင်းမည်မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သီတာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဇင်မာမင်း** | **ဒေါ်အေးနန္ဒာ** |
| **LL.B, D.B.L, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၃၈)** |

**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊တာမွေမြို့နယ်**
**ဖုန်း–၀၉–၄၂၀၀၃၁၃၅၊ ၀၉–၅၀၂၇၃၂၂**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ် လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်စဉ်(၁/၂၀၂၂)

